


# နိဗ္ဗာန်မြင်ပုံ

(၂၈-၂-၆၀)

၆၀

ကျေးဇူးတော်ရှင် မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော်အမှတ်စဉ်(၃၄)မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

0279
THITSARPARAMI LIBRARY
Date ....................

ကျေးရွာတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၌ ဟောကြားတော်မူသောတရားတော်

# နိဗ္ဗာန် မြင် ပုံ

(၂၈-၂-၆၀)

လူမိုက်က မဂ္ဂဖြဟ္မစရိယ အကျင့်ကို မကျင့်ဘူး၊ လူလိမ္မာက မဂ္ဂဖြဟ္မစရိယ အကျင့်ကို ကျင့်တယ်လို့ ဆိုတော့ ဒီနေ့ လူမိုက်နဲ့ လူလိမ္မာ ဒါ ထူးခြားပုံ သိပြီနော် . . . (မှန်ပါ့ဘုရား)၊ မဂ္ဂဖြဟ္မစရိယအကျင့် ကျင့်လိုက်တဲ့အတွက် လူလိမ္မာမှာ နောက် ပဋိသန္ဓေနေခြင်း, အိုခြင်း, နာခြင်း, သေခြင်း မရှိတော့ဘူး (မှန်ပါ့ဘုရား)။

မဂ္ဂဖြဟ္မစရိယ အကျင့် မကျင့်တဲ့ လူမိုက်များမှာတော့၊ နောက် ပဋိသန္ဓေနေ၊ အိုမှု, နာမှု, သေမှုတွေ အလုံးစုံ အကုန်လာတာပါပဲ. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် လူလိမ္မာနဲ့ လူမိုက်သည်ကား ဆိုလို့ရှိရင်ဖြင့် မဂ္ဂဖြဟ္မစရိယအကျင့် ကျင့်ခြင်းကြောင့် နောက်ဒုက္ခဖြတ်တာ လူလိမ္မာ . . . (မှန်ပါ) နောက် ဒုက္ခဆက်တာ [illegible] . . (မှန်ပါ) ကောင်းပြီဒါ လူမိုက်နဲ့ လူလိမ္မာထူးတာ၊

LIBRARY Date

## သမ္မာဒိဋ္ဌိငါးမျိုး

မဂ္ဂပြဟ္မစရိယ အကျင့်ဆိုပေမယ့်လဲ တရားလိုက်တော့ သမ္မာဒိဋ္ဌိအလုပ်. . . (မှန်ပါ)။ သမ္မာဒိဋ္ဌိ ဘယ်နှစ်မျိုးရှိတုံးလို့ ဆိုတာ ဦးဝတို့ နေရာမကျသေးဘူးပေါ့ဗျာ. . . (မှန်ပါ)၊ အဲဒီတော့ သမ္မာဒိဋ္ဌိ ကျုပ်တို့ ဝေဖန်တော့ ကမ္မဿကတာ သမ္မာဒိဋ္ဌိ ၁-နံပါတ် သူလဲ သမ္မာဒိဋ္ဌိပဲ. . . (မှန်ပါ)။

၁။ ကမ္မဿကတာ သမ္မာဒိဋ္ဌိ၊

၂။ ဈာန သမ္မာဒိဋ္ဌိ၊

၃။ ဝိပဿနာ သမ္မာဒိဋ္ဌိ၊

၄။ မဂ္ဂသမ္မာဒိဋ္ဌိ၊

၅။ ဖလသမ္မာဒိဋ္ဌိ

သမ္မာဒိဋ္ဌိ ဘယ်နှစ်မျိုးရှိပါလိမ့် (၅-မျိုးရှိပါတယ်ဘုရား)။

၅-မျိုးရှိတယ်ဆိုတော့ ဒကာ ဒကာမတွေက ဩဘ်-သာသနာပရော သာသနာတွင်းရော နှစ်ခုလုံးရှိတဲ့ သမ္မာဒိဋ္ဌိက ကမ္မဿကတာ သမ္မာဒိဋ္ဌိ၊ လှူဒါန်း ပေးကမ်းပြီး သကာလ သုဂတိ၊ ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိရတာက ကမ္မဿကတာ သမ္မာဒိဋ္ဌိ သာသနာတွင်းလဲရှိတာပဲ သာသနာပလဲရှိတာပဲ. . . (မှန်ပါ)။

၁-နံပါတ်ကတော့ ပြီးသွားရောနော်. . . (မှန်ပါ)၊ ဈာန သမ္မာဒိဋ္ဌိဆိုတာက သမထလမ်းကနေပြီးသကာလ ရုပ အရူပ ဗြဟ္မာ့ ပြည်ကိုရောက်စေတတ်တဲ့သမ္မာဒိဋ္ဌိ၊ ဝါ-ဉာဏ်ပေါ့ဗျာ. . . (မှန်ပါ)။

ဒါကလဲ သာသနာပလဲရှိ၊ သာသနာတွင်းလဲရှိပြီးသကာလ နေတော့ လမ်းက သူကြည့်လိုက်ပြန်တော့လဲ ရှုပ အရှုပဘုံရောက် ပြန်တယ်ဆိုတော့ ဒုက္ခသစ္စာ ပြန်ရခြင်းကြောင့် သူလဲသိပ်ပြီး အဖိုး တန်ကြီး တန်တယ်လို့ မယူလိုက်ပါနဲ့. . . (မှန်ပါ့ဘုရား)။

## သာသနာတွင်းသမ္မာဒိဋ္ဌိ

အဲဒီတော့ နောက် ပြမယ့် ၃-နံပါတ် ဝိပဿနာသမ္မာဒိဋ္ဌိ၊ မဂ္ဂသမ္မာဒိဋ္ဌိ၊ ဖလသမ္မာဒိဋ္ဌိဆိုတဲ့ သမ္မာဒိဋ္ဌိသုံးမျိုးသာလျှင် သာသနာ တွင်းမှာသာ ပေါ်နိုင်တယ်လို့ မှတ်ထားပါ. . . (မှန်ပါ့)။

အဲဒီ သာသနာတွင်းမှာ ပေါ်နိုင်တဲ့ သမ္မာဒိဋ္ဌိကဖြင့် ပထမ သမ္မာဒိဋ္ဌိက သက္ကာယဒိဋ္ဌိပြုတ်အောင် လုပ်နိုင်တယ်၊ ဝိပဿနာ သမ္မာဒိဋ္ဌိက . . . (ပြုတ်အောင်လုပ်နိုင်ပါတယ်ဘုရား)။

ဝိပဿနာသမ္မာဒိဋ္ဌိက ဘာကိုပြုတ်အောင် ပျက်အောင် လုပ်ပါလိမ့်. . . (သက္ကာယဒိဋ္ဌိပြုတ်အောင် ပျက်အောင် လုပ်နိုင် ပါတယ်ဘုရား)။

သက္ကာယဒိဋ္ဌိပြုတ်အောင် ပျက်အောင် လုပ်နိုင်တဲ့အတွက် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒီအလုပ်သာ လုပ်မယ်ဆိုရင် ဘုန်းကြီးကရော၊ ဘုရားကရော အပါယ်တော့ မကျဘူးဟေ့. . . အထက် သံသရာကနေ နိဗ္ဗာန်ကိုသာ သွားမယ်ဆိုတာ ရဲဝံ့စွာ ဘာဝန်ခံတယ်။

အဲဒီတော့ ဒီထဲမှာ သူကတော့ သူ့အကျိုးပေးပြောစမ်းပါ ဆိုတော့ ယခုဘဝ နိဗ္ဗာန်ရသည့်ဘဝတွင် သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်သည့်တိုင်အောင် ဝိပဿနာ သမ္မာဒိဋ္ဌိက အကျိုးပေးနိုင်တယ်ဆိုတာ ဒကာ ဒကာမတွေ ပြောပြီးပြီနော်. . . (မှန်ပါ့)။

ကောင်းပြီ၊ ဒါဖြင့် ဝိပဿနာသမ္မာဒိဋ္ဌိက သူ့အလုပ်လုပ်တဲ့ အခါမှာ ဘယ်ပေါ်မှာ အလုပ်လုပ်တယ်ဆိုတာ မနေ့ကပြောတယ် နော် (မှန်ပါ့)။

အဲဒါ အဲဒီကပဲ စပြောပြီးတော့မှ အင်း-တတိယ သမ္မာဒိဋ္ဌိ ပြီးတော့မှ စတုတ္ထသမ္မာဒိဋ္ဌိတက်ရအောင်. . . (မှန်ပါ့)၊ ကိုင်း- ဒကာ ဒကာမတို့ ၁-နဲ့ ၂-ဖြုတ်ထားပါပြီ၊ သာသနာပလဲဖြစ်နေလို့ လဲ ဒုက္ခဝဋ်ကျွတ်စေနိုင်တဲ့သဘောမျိုး အင်္ဂုတ္တိုရ်ဆရာ မပြောသော ကြောင့်လဲ တစ်ကြောင်း။

အရေးကြီးတဲ့ ၃-နံပါတ်ပဲ ကျုပ်အလုပ်ခွင် ဝင်ပြီးသကာလ ဦးဘတင်တို့ အရေးတကြီးမှတ်ကြဖို့ . . . (မှန်ပါ့)။

အဲဒီတော့ သံယုတ်အဋ္ဌကထာဆရာက ဝိပဿနာသမ္မာ ဒိဋ္ဌိကကွာတဲ့ဝိပဿနာသမ္မာဒိဋ္ဌိတေဘူမက သင်္ခါရေ အနိစ္စာဒိသု ဝိသောဓိတေသု၊ ဝိပဿနာ သမ္မာ ဒိဋ္ဌိကတော့ဟော့တဲ့ ပဋိစ္စသမုပ္ပါဒ် ပေါ်လာတဲ့ ဓမ္မတွေကိုအနိစ္စ, ဒုက္ခ, အနတ္တ အစရှိသည်နှင့် သူသည် မြင်တဲ့အတွက် ငါ ငါလို့ ထင်မှတ်နေတဲ့ သက္ကာယဒိဋ္ဌိသေသေချာချာ

စင်အောင် လုပ်နိုင်သော ဝိပဿနာ သမ္မာဒိဋ္ဌိ. . . (မှန်ပါ့ဘုရား)။

သဂါထာ၅၈၃ သံယုတ် အဋ္ဌကထာဆရာက - ခန္ဓာဒိသု ခန္ဓာ အစရှိသည့်တို့၌၊ ဝိသောဓိ တေသု သက္ကာယဒိဋ္ဌိကို သုတ်သင်ပြီးသည်ရှိသော် သူကဖြင့် ဩော်-အနိစ္စ, ဒုက္ခ, အနတ္တလို့ တစ်ခုသောတရားပေါ်လာလို့ ပဋိစ္စသမုပ္ပါဒ်အစပေါ်လာတာတွေရှုနိုင် ရှုနိုင်၊ အလယ်မှာ ပေါ်လာတာတွေ ရှုနိုင် ရှုနိုင်၊ အဆုံးကပဲ ရှုနိုင် ရှုနိုင် ရှုချင်တာရှုပါ ဒကာ ဒကာမတို့။

အနိစ္စဖြစ်ပျက်မြင်ကြလို့ရှိရင် ဘယ်နည်းနှင့်မဆို မနေ့က ပြောတဲ့အတိုင်း သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိရှင်းပါတယ် လင်းပါတယ် ဒီဉာဏ်ကနော်. . . (မှန်ပါ့ဘုရား) ဒါဖြင့် ဝိပဿနာ သမ္မာဒိဋ္ဌိသည် ဒိဋ္ဌိသုံးမျိုးကို စင်ကြယ်စေနိုင်တယ်လို့ မှတ်ထားလိုက်တာပေါ့. . . (မှန်ပါ့ဘုရား)။

ဝိပဿနာသမ္မာဒိဋ္ဌိသည် ဘာကို စင်ကြယ်စေနိုင်တယ်. . (ဒိဋ္ဌိသုံးမျိုးကို စင်ကြယ်စေနိုင်ပါတယ်ဘုရား)၊ အေး-သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ ဒီဒိဋ္ဌိသုံးမျိုးကို စင်ကြယ်စေနိုင်သောကြောင့် ဦးဘအုန်းတို့၊ ဦးခင်မောင်တို့ ဩော်-သူအရေးကြီးဆုံးပါလားဆိုတာ ပေါ်လာတယ် . . . (မှန်ပါ့ဘုရား)။

မဂ္ဂသမ္မာဒိဋ္ဌိဆိုတဲ့ စတုတ္ထအချက်ကတော့ကို ဒကာသစ်တို့ အလွယ်လေး သူများရှင်းပြီးတဲ့ဥစ္စာ သူကဝင်ထိုင်တာဗျ. . . (မှန်ပါ့ဘုရား)၊ သူက ဒီလောက်အရေးကြီးတာမဟုတ်ဘူး. . . (မှန်ပါ့ဘုရား)။

ယြော်- ဝိပဿနာသမ္မာဒိဋ္ဌိက ရှင်းပေးပြီး သက္ကာယဒိဋ္ဌိ တွေ ရှင်းလင်းပြီး သူကနေပြီးသကာလ အင်း-ဆိုက်ဆိုက်မြိုက်မြိုက် ဝင်လာပြီး, နိဗ္ဗာန်မြင်ပြီး ဝင်လာတဲ့ တရားပါ. . . (မှန်ပါဘုရား)။

## ဝိပဿနာသမ္မာဒိဋ္ဌိ

ဒါကြောင့် ဒကာ ဒကာမတို့ ၃-နံပါတ်ဟာ အရေးအကြီး ဆုံးအချက်လို့ ဒကာ ဒကာမတို့မှတ်ပါ. . . (မှန်ပါဘုရား)။ ဘယ်သူကအရေးကြီးဆုံးတုံး . . . (ဝိပဿနာသမ္မာဒိဋ္ဌိက အရေး အကြီးဆုံးပါဘုရား)၊ ၃-နံပါတ်က ဘာပါလိမ့် . . . (ဝိပဿနာ သမ္မာဒိဋ္ဌိပါဘုရား)၊ ဝိပဿနာရှုတဲ့အလုပ်. . . (မှန်ပါဘုရား)။

ဝိပဿနာရှုတဲ့အလုပ်ဆိုတာ တခြားမှတ်မနေနဲ့ ခင်ဗျားတို့ သန္တာန်မှာ ပေါ်နေတဲ့ ဝေဒနာဖြစ်စေ, စိတ်ဖြစ်စေ ပေါ်ချင်တာပေါ် လာပါစေ၊ စားချင်တဲ့ စိတ်ကလေးပေါ်ချင်လဲ ပေါ်ပါစေ၊ အိပ်ချင် တဲ့စိတ်ကလေး ပေါ်ချင်လဲပေါ်ပါစေ၊ ငိုက်ချင်တဲ့စိတ်ကလေး ပေါ် ချင်လဲ ပေါ်ပါစေ၊ ပျံ့လွင့်တဲ့စိတ်ကလေး ပေါ်ချင်လဲ ပေါ်ပါစေ၊ ပေါ်တာ နောက်ကနေပြီးသကာလ ဒီဓမ္မလေးဟာ ဖြစ်ပြီး ပျက်တဲ့ ဓမ္မလေးပါလားလို့ ရှုဖြစ်အောင် ရှုပေးပါ၊ ဒါ ဝိပဿနာဖြစ်တာပါပဲ လို့ မှတ်ပါ။

ဘယ်စိတ်လာလာ ဖြစ်ပြီး ပျက်တာကိုသာ ဒကာ ဒကာမ တွေ ဉာဏ်ဦးတည်ပေးမယ်ဆိုရင် ဝိပဿနာ သမ္မာဒိဋ္ဌိကေန်ဖြစ်

တယ်လို့ မှတ်. . . (မှန်ပါ့ဘုရား) ရှင်းပြီးလား . . . (ရှင်းပါပြီ ဘုရား)။

ဘယ်စိတ်ရယ်လို့ဆိုစရာ မလိုပါဘူး၊ ဒကာ ဒကာမတို့ ပေါ်ရာကိုသာလျှင် ဖမ်းရှုပါ. . . (မှန်ပါ့ဘုရား) ပေါ်တာဟာ ပဋိစ္စသမုပ္ပါဒ်ပဲ၊ ပဋိစ္စသမုပ္ပါဒ်ဆိုတာ ခန္ဓာပါပဲ။

ခန္ဓာဆိုတာသည်ကားဆိုရင်ဖြင့် ဖြစ်ပြီး ပျက်မလို့ပေါ်လာတဲ့ တရားမှ တစ်ပါး အခြားဘာတရားမှ မဟုတ်ပါဘူး (မှန်ပါ့ ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ မပေါ်ဘဲနေရင်လဲ သေကြမှာပဲ. . . (မှန်ပါ့ဘုရား)၊ စိတ်တွေ မပေါ်ဘဲနေရင်. . . (သေမှာပါ ဘုရား)၊ ဒါဖြင့် ပေါ်လာတဲ့စိတ်ကို ဝိပဿနာသမ္မာဒိဋ္ဌိနဲ့ရှုပါ. . . (မှန်ပါဘုရား)။

ရှုလိုက်သည်နဲ့တစ်ပြိုက်နက်တည်း ဒကာ ဒကာမတို့ ခင်ဗျားတို့ကတော့ အနိစ္စ, အနိစ္စ မြင်တယ်လို့ ဆိုကြလိမ့်မယ်. . . (မှန်ပါ့ဘုရား)။

## ဖြစ်ပျက်မြင်တာသည်ဒိဋ္ဌိသေတာ

မငြင်းပါဘူးတဲ့၊ ဆရာဘုန်းကြီးကလဲ ဒကာ ဒကာမတွေ ပြောတဲ့အတိုင်း ဖြစ်ပြီး ပျက်တာမြင်ကြတာပဲ အနိစ္စမြင်တာပဲမှန်ပါ တယ်၊ အနိစ္စမြင်တာသည် ဒကာ ဒကာမတို့ အပါယ်လေးပါး သွား

စေတတ်တဲ့ ဒိဋ္ဌိသေတာလို့ ပြောလိုက်လို့ရှိရင်လဲ ပြီးတာပဲ. . . (မှန်ပါ့ဘုရား) သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

ဖြစ်ပြီး ပျက်တာ မြင်လိုက်တာ အနိစ္စမြင်တယ်ဆိုလဲ မှန်တာပဲ. . . (မှန်ပါ့ဘုရား)၊ ရှင်းကောရှင်းရဲ့လား. . . (ရှင်းပါတယ်ဘုရား)။

အနိစ္စမြင်တယ်ဆိုရင်လဲမှန်တာပဲ၊ အင်း-ဖြစ်တာလေးကလဲ ပျက်သွားတာ မြင်လိုက်တော့ ဒကာ ဒကာမတို့ ငါလဲမဟုတ်ဘူး၊ ငါ့ဥစ္စာလဲ မဟုတ်လို့ ပျက်စီးတာပဲ၊ ခမ္မလေးသဘောအတိုင်း ပေါ်လာတာ ခမ္မလေး ပျက်သွားတာဆိုသဖြင့် ငါ-ငါ့ဥစ္စာဆိုတဲ့ သက္ကာယဒိဋ္ဌိက လာသေးရဲ့လား. . . (မလာပါဘုရား)။

အဲဒါ မလာတာ ထောက်သဖြင့် ဩော်-ဖြစ်ပျက်မြင်တာသည် ဒိဋ္ဌိသတ်နေတာပါလားလို့ ရှေးဦးစွာပဲ မှတ်လိုက်တာပေါ့. . . (မှန်ပါ့ဘုရား)၊ ဖြစ်ပျက်မြင်တာ ဘာပါလိမ့် . . . (ဒိဋ္ဌိသတ်နေတာပါဘုရား)။

ဖြစ်ပျက်မြင်တာသည် ဒိဋ္ဌိသတ်နေတာဟာ ဧကန်စင်စစ် ဖြစ်ပါတယ်ဆိုတာ သံယုတ် အဋ္ဌကထာ ဆရာက ဝိပဿနာသမ္မာဒိဋ္ဌိ တေဘူမက သင်္ခါရေသု အနိစ္စာဒိ ဝသေနခန္ဓာဒီသုဝိသောဓိတေသုခန္ဓာဒီသု-အနိစ္စခန္ဓာအစရှိသည်တို့၌၊ ဝိသောဓိတေသု-ငါ-ငါ့ကိုယ်စွဲယူတဲ့ သက္ကာယဒိဋ္ဌိတရားကို ပယ်နှုတ်ပြီး၍၊ ဒါ သက္ကာယဒိဋ္ဌိပယ်နုတ်နေတာတဲ့. . . (မှန်ပါ့ဘုရား)။

ဖြစ်ပျက်ရှုတာ ဘာလုပ်ကြတာတုံး. . . (သက္ကာယဒိဋ္ဌိ ပြုတ်နေတာပါဘုရား)၊ အဲ-ဒကာ ဒကာမတို့ ရှုတုန်းကတော့ အနိစ္စမြင်အောင် ရှုတာ ပြောကြတယ် . . . (မှန်ပါ့ဘုရား)၊ မှန်ပါ တယ်တဲ့။

အနိစ္စမြင်အောင် ရှုတယ်ဆိုတာ မမှားပါဘူး၊ အကျိုးဘာ ပြီးသတုံးလို့ မေးတဲ့အခါကျတော့ 'အပါယ်သွားစေတတ်တဲ့ သက္ကာယဒိဋ္ဌိပြုတ်ပါတယ်ဘုရား'လို့ ခင်ဗျားတို့ လျှောက်ရလိမ့်မယ် (မှန်ပါဘုရား)။

## ဖြစ်ပျက်မြင်ပြီးသေသွားစမ်းပါ

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေသည် ဖြစ်ပျက် မြင်ပြီး သေသွားစမ်းပါလို့ ပြောလိုက်ပါတယ်. . . (မှန်ပါ့ဘုရား)။

ဖြစ်ပျက်အဆုံး မရောက်ချင်နေပါစေ၊ ခန္ဓာကိုယ်မှာ ဥပစ္ဆေဒက, ဥပဃာတကကံတွေက ဝင်လာပြီး ဖြတ်လိုက်လို့ ဦးဘအုန်းတို့ နော် - အပါယ်တော့ စိတ်ချရတယ်. . . (မှန်ပါ့ ဘုရား)။

ဘာဖြစ်လို့ စိတ်ချရသတုံးလို့ မေးတဲ့အခါကျတော့ သက္ကာယဒိဋ္ဌိက ပြုတ်နေလို့. . . (မှန်ပါဘုရား)၊ သက္ကာယဒိဋ္ဌိက ပြုတ်နေတော့ဖြစ်တာမြင်သဖြင့် သက္ကာယဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ ပြုတ်တယ်လို့ မနေ့ကပြောခဲ့တယ်. . . (မှန်ပါ့ဘုရား)၊ ပျက်တာ

မြင်သဖြင့် သဿတ ဒိဋ္ဌိပြုတ်တယ်လို့ မနေ့က မပြောခဲ့ဘူးလား. . . (ပြောခဲ့ပါတယ်ဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ မူလအရင်းဒိဋ္ဌိတွေက မပြုတ်လား. . . (ပြုတ်ပါတယ်ဘုရား)၊ အဲဒါကြောင့် သံယုတ်အဋ္ဌကထာ ဆရာက ခန္ဓာအစရှိသည်တို့ကိုပဲ ဝိသောဓိတေသု-သက္ကာယဒိဋ္ဌိ သုတ်သင်ပြီးသည်ရှိသော် ဝိပဿနာ သမ္မာဒိဋ္ဌိက သက္ကာယဒိဋ္ဌိ သုတ်သင်တာ ဦးခင်မောင် ဘာတဲ့တုံး . . . (သက္ကာယဒိဋ္ဌိ သုတ်သင်ပါတယ်တဲ့ဘုရား)။

သြော်-သက္ကာယဒိဋ္ဌိ သုတ်သင်ရှင်းလင်းတဲ့ တရားလို့ဆိုသဖြင့် အားလုံး တရားနာကြတဲ့ ဒကာ ဒကာမတွေဟာ သြော်-အပါယ်လေးပါး တံခါးပိတ်တာ ဒီက စတာကိုး၊ ဝိပဿနာရှုတာက ဖြစ်ပျက်မြင်တာက ဒါကိုးလို့ သေသေချာချာမှတ်ပါ. . . (မှန်ပါ)၊ ရှင်းပြီးလား . . . (ရှင်းပါတယ်ဘုရား)။

## ဖြစ်ပျက်မြင်တာသည်အပါယ်တံခါးပိတ်တာ

အပါယ်လေးပါးတံခါးပိတ်တာသည် ဘယ်ကစပါလိမ့်. . . (ဖြစ်ပျက်မြင်တာက စ,ပါတယ်ဘုရား)။ ဖြစ်ပျက်မြင်တာက စတယ်၊ ဖြစ်ပျက်မြင်တော့ ဘာကျေးဇူးခံစားရသတုံးလို့ အမေးထုတ်ရင် ဘယ့်နှယ်ဖြေကြမယ်. . . (သက္ကာယဒိဋ္ဌိ ပြုတ်ခြင်းကျေးဇူးခံစားရပါတယ်ဘုရား)။

သက္ကာယဒိဋ္ဌိ ပြုတ်သွားတယ်ဆိုသဖြင့် ရင်ဝလုံစူး၊ ထိပ်ဦးမီးလောင်ဆိုတာ သက္ကာယဒိဋ္ဌိ အလျင်ပြုတ်ရမယ်ဆိုတာသည်ကားလို့ဆိုလို့ရှိရင် အရေးတကြီး အပါယ်သွားရမည့်တရားဖြစ်နေလို့ ဖြုတ်ရတာ မဟုတ်လား . . . (မှန်ပါ့ဘုရား)။

အဲဒီတော့ သူဖြုတ်နေတဲ့ အလုပ်ကို ကျုပ်တို့က သေသေချာချာ ဖြုတ်ပြီးသားဖြစ်နေတော့၊ အင်း-မဂ်ဉာဏ် မရလဲ ဝိပဿနာမဂ်နဲ့ပဲ သေသွားစမ်းပါ၊ လောကုတ္တရာမဂ် မရောက်ချင်နေပါစေ၊ အပါယ်လေးပါးတော့ မရောက်ပါဘူး။

ဒုတိယဘဝလဲ သေသေချာချာ သောတာပတ္တိမဂ်ရမယ်ဆိုတာကိုလဲ အင်္ဂုတ္တိုရ်က တာဝန်ခံသောကြောင့် အင်္ဂုတ္တိုရ်ဆိုတာ ဘုရား တိုက်ရိုက်ဟောတာဖြစ်လေသောကြောင့် ဦးဘအုန်း ဂရုစိုက်ရတယ်။

ဒါဖြင့် ဝိပဿနာမဂ်ဆိုတာ မဖြစ်ဖြစ်အောင်လုပ်. . . (မှန်ပါဘုရား)၊ ရှင်းပြီးနော်. . . (ရှင်းပါတယ်ဘုရား)၊ ဘာလုပ်ကြမယ်. . . (ဝိပဿနာသမ္မာဒိဋ္ဌိလုပ်ကြရပါမယ်ဘုရား)။

ဝိပဿနာသမ္မာဒိဋ္ဌိ မဖြစ်ဖြစ်အောင် လုပ်ရမယ်ဆိုတဲ့ဥစ္စာသည် သက္ကာယဒိဋ္ဌိ မပြုတ်ပြုတ်အောင် ဖြုတ်ရမယ်ဆိုတာနဲ့ ဘာထူးတုံး. . . (မထူးပါဘုရား)။

ဒကာ ဒကာမတို့ ဝိပဿနာ သမ္မာဒိဋ္ဌိမဖြစ်ဖြစ်အောင် ရှုရမယ်ဆိုတဲ့ဥစ္စာ သက္ကာယဒိဋ္ဌိ မပြုတ်ပြုတ်အောင် ဖြုတ်ရမယ်ဆိုတဲ့စကားနဲ့ ဘာမှမထူးဘူး. . . (မထူးပါဘူးဘုရား)။

ရှင်းကော ရှင်းရဲ့လား . . . (ရှင်းပါတယ်ဘုရား)၊ အဲဒါကြောင့် သာသနာတွင်း တရားလဲဖြစ်တာနဲ့ ကျုပ်တို့သေသေချာချာ စဉ်းစားကြည့်ပါ။

တစ်လောကလုံး ကျုပ်တို့မှာ အပါယ်ကို ဘုရားကဟောခဲ့တယ်၊ နောက် သံသရာတို့သည် အမြဲနေရာ ဘယ်နေတုံးလို့ မေးတော့ ဆရာဘုန်းကြီး လွန်ခဲ့တဲ့ (၁၅) ရက်လောက်က ပြောခဲ့တယ် မဟုတ်လား၊ အပါယ်လေးပါးလို့ ပြောခဲ့တယ်. . . (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတွေအမြဲနေတဲ့နေရာ ဘာပါလိမ့်. . . (အပါယ်လေးပါးပါဘုရား)၊ ဒါဖြင့် သက္ကာယဒိဋ္ဌိကြောင့် ကျတာပဲဗျာ့. . . (မှန်ပါ့ဘုရား)။

အပါယ်လေးပါးချည်းနေခဲ့ရတာ ဘယ့်နှယ်ကြောင့်တုံး. . (သက္ကာယဒိဋ္ဌိကြောင့်ပါဘုရား) သက္ကာယဒိဋ္ဌိကြောင့် ကျတာပါဆိုသဖြင့် ဦးဘအုန်းတို့ စဉ်းစားပေတော့နော်. . . (မှန်ပါ့ဘုရား)။

ဘယ်တော့မှ မဖြစ်ဖူးဘူးဆိုတာ သေချာပြီ. . . (သေချာပါပြီဘုရား)၊ ဦးဘအုန်း ဘယ့်နှယ်တုံး. . . (သေချာပါပြီဘုရား)၊ ဘယ်တော့မှ မဖြုတ်ဖူးဘူးဆိုတာ သေချာပါတယ်။ ဘယ်တော့မှ ဝိပဿနာအလုပ် မလုပ်ဖူးဘူးဆိုတာ သေချာတယ်. . . (သေချာပါတယ်ဘုရား)။

သေချာပါတယ် ဒကာ ဒကာမတို့၊ ဘယ်တော့မှ ဝိပဿနာအလုပ်မလုပ်ဘူးဆိုတာ သေချာပါတယ်. . . (မှန်ပါ့ဘုရား)။

အဲဒါကြောင့် အပါယ်လေးပါးသည် ကျုပ်တို့အမြဲနေရာ အိမ်ဂေဟာကြီးပဲလို့ ဓမ္မပဒ အဋ္ဌကထာ ဆရာကဆိုပါတယ်. . . (မှန်ပါ့ဘုရား)။

ဒါကြောင့် ခင်ဗျားတို့ သက္ကာယဒိဋ္ဌိ မပြုတ်သေးဘဲနဲ့ ဒကာ ဒကာမတွေသည် အေးအေးနေချိန်ဖြင့်၊ လုံးဝမရှိလို့ ဆုံးဖြတ်ချက် ချပါ. . . (မှန်ပါ့ဘုရား)၊ ဒါကြောင့် ဒိဋ္ဌိမပြုတ်ဘဲနဲ့ အေးအေး နေချိန် . . . (လုံးဝမရှိပါဘုရား)။

## သက္ကာယဒိဋ္ဌိအလျင်ဖြုတ်ပါ

ခင်ဗျားတို့ အရောင်းတွေ၊ အဝယ်တွေ၊ သားဆင်ဖို့, သမီး ဆင်ဖို့ ဆွေခင်မှု, မျိုးခင်မှု အသာလျှော့စမ်းပါ. . . (မှန်ပါ့ဘုရား) ဒီသက္ကာယဒိဋ္ဌိ အလျင်ဖြုတ်လိုက်စမ်းပါ. . . (မှန်ပါ့ဘုရား)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

သားသမီး ဆွေမျိုး၊ ဉာတကာကိစ္စအလုပ်ကို မလွှဲသာတာ တွေ မလွှဲသာဟု ပြောမနေနဲ့၊ မလွှဲသားတာက သက္ကာယဒိဋ္ဌိ ဖြုတ် ဖို့ရာ မလွှဲသာတဲ့အလုပ် . . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီ ဘုရား)။

ဟိုဟာတွေ လွှဲသာတယ်၊ မုန်းတာပဲရှိတယ်၊ သားဆီ မသွား ရင် သားကပဲ မုန်းမယ်၊ သမီးဆီမသွားရင် သမီးက မုန်းတာပဲရှိ တယ်၊ အပါယ်တော့မရောက်ဘူး. . . (မှန်ပါ့)၊ သက္ကာယဒိဋ္ဌိ ဖြစ်

ပျက်ကို မမြင်လို့ သက္ကာယဒိဋ္ဌိ မပြုတ်ခဲ့သော် ဒကာ ဒကာမတို့ မုန်းတာထက်ဆိုးတယ်နော်. . . (မှန်ပါ့ဘုရား)။

မုန်းတာအရေးမကြီးပါနဲ့ အပါယ်ကျမှာ အရေးကြီးပါတယ်၊ သက္ကာယဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်များသည် ယတ္ထ ဟိ မုဂ္ဂမာသ ပမာဏာပါ သာဏကစ္ဆရာ ဥဒကေ ပဋ္ဌိတမာနာ ပဝတ္တမာနာ နာမ နတ္ထိလို့ အင်္ဂုတ္တိုရ် အဋ္ဌကထာက ဆိုသောကြောင့် သက္ကာယဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်များဟာကွာ၊ ကျောက်ခဲလေး ရေထဲချလိုက်သလို ဘယ်တော့မှ ပေါ်လိမ့်မယ်လို့ ငါဘုရားမဟောဘူးကွ. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

အဲဒီတော့ သားမုန်းတာ သမီးမုန်းတာ ပစ္စည်းမရတာ အရေးမကြီးပါနဲ့၊ ကိုယ်မြုပ်သွားလို့ မပေါ်မှာသာ စိုးရိမ်ပါ. . . (မှန်ပါ့ဘုရား)၊ ရှင်းပြီးလား . . . (ရှင်းပါပြီဘုရား)၊ ကိုယ်မြုပ်သွားလို့. . . (မပေါ်မှာစိုးရိမ်ရပါတယ်ဘုရား)။

အဲ - ခင်ဗျားတို့က အခုမှတွေ့တဲ့ သားသမီး၊ အခုမှတွေ့တဲ့ ဆွေမျိုး၊ ခုမှတွေ့တဲ့ အိမ်နီးနားချင်း၊ ယခုမှရတဲ့ပစ္စည်းလေးကို ခင်ဗျားတို့က အရေးတကြီး ထားပြီး နေကြပါတယ်. . . (မှန်ပါ့)။

ကိုယ့်ကိုယ်ကို သနားတဲ့ကိစ္စမပါဘူး . . . (မှန်ပါ့)၊ သူတစ်ပါးငဲ့ပြီးတော့ အပါယ်လေးပါးရောက်ပစေတော့ ဒီအဓိပ္ပါယ် ရောက်နေတယ်. . . (မှန်ပါ့)၊ မရောက်ဘူးလား. . . (ရောက်ပါတယ်ဘုရား)၊ အဲဒီတော့ ခင်ဗျားတို့သည် မသိတဲ့အထဲ ဆိုးရွားတာ

ပိုနေတယ် (မှန်ပ့ါ) သဘောကျ ကြပြီလား (ကျပါပြီဘုရား)။

မသိတဲ့အထဲမှာ (ဆိုးရွားတာပိုနေပါတယ်ဘုရား)။ ဆိုးရွားတာ ပိုနေသေးတယ်ဆိုတာ အရှယ်တွေလဲ ကြည့်ကြ စမ်းပါအုံး . . . (မှန်ပ့ါ)။

အရွယ်တွေလဲ ကြည့်ကြစမ်းပါအုံး. . . (မှန်ပ့ါ)၊ အရွယ်တွေလဲ ကြည့်ကြစမ်းပါအုံး၊ အလွန်ကြီးရင့်ကုန်ပြီ၊ သုသာန် မျက်စောင်းထိုးကုန်ပြီဆိုရင်ကော လွဲပ့ါမလား . . . (မလွဲပါဘုရား)။

အဲဒီတော့ အရေးကြီးရမှာက ရင်ဝ လုံစူး, ဦးခေါင်း မီးလောင် ဒါထက် သက္ကာယဒိဋ္ဌိပြုတ်ဖို့ ပိုအရေးကြီးတာ သံယုတ်ပါဠိတော်က မဟောဘူးလား၊ အဲဒီတော့ ဒါကိုလုပ်ပါ သက္ကာယဒိဋ္ဌိပြုတ်ပါဆိုတော့၊ ဘယ့်နှယ်ပြုတ်ရမှာတုံး မေးတော့ ဖြစ်ပျက်ရှုမှ ပြုတ်မှာ . . . (မှန်ပ့ါ)၊ ပေါ်လာတဲ့ စိတ်ကလေးကို . . . (ဖြစ်ပျက်ရှုရမှာပါဘုရား)။

ဖြစ်ပျက်ရှုမှ ပြုတ်မှာ ဒကာ ဒကာမတို့၊ ဖြစ်ပျက်မှ မရှုလို့ရှိရင်တော့ မပြုတ်ပါဘူး. . . (မပြုတ်ပါဘူးဘုရား)၊ မပြုတ်ပါဘူး၊ ခင်ဗျားတို့ ရုပ် နာမ် ခွဲရုံလေးလောက်နဲ့တော့ သညာပြုတ်သိလို့ခေါ်တယ်. . . (မှန်ပ့ါ)၊ ရုပ်နာမ်ခွဲရုံလေးဟာ ဘာပါလိမ့်. . . (သညာပြုတ်သိလို့ ခေါ်ပါတယ်ဘုရား)။

ဒါက ပညာပြုတ် ဦးဘတင်ရ. . . (မှန်ပ့ါ)၊ဒါကပညာနဲ့ကို ဖြုတ်တာ၊ ဝိပဿနာပညာနဲ့ကိုဖြုတ်တာ. . . (မှန်ပါဘုရား)။

ဒါ ဝိပဿနာသမ္မာဒိဋ္ဌိနဲ့ဖြတ်တယ်. . . (မှန်ပါ့)၊ ရှင်းပလား (ရှင်းပါပြီဘုရား)၊ အဲဒီတော့ ဒကာ ဒကာမတို့ ကိုယ့်အရေးကို သိကြပလား. . . (သိကြပါပြီဘုရား)။

ဒီတစ်လောကလုံး ကျုပ်တို့ ဘုရား အဆူဆူနဲ့ လွဲခဲ့တာလဲ အပါယ်ငရဲ နေခဲ့ရလို့ပဲဆိုရင်ကော လွဲပါ့မလား. . . (မလွဲပါဘုရား) အင်း-အပါယ်ငရဲ ဘယ်သူက ရောက်အောင် ပို့ထားပါလိမ့်မလဲ (သက္ကာယဒိဋ္ဌိက ပို့ခဲ့တာပါဘုရား)။

သဘောကျပလား. . . (ကျပါပြီဘုရား)၊ ရှင်းပြီးလား. . . (ရှင်းပါပြီဘုရား)၊ ဒါသူမပြတ်သရွေ့ ကာလပတ်လုံး ဘယ်ဘုရားနဲ့ မဆို လွဲဖို့ရာ သေချာပြီးသားလို့မှတ် . . . (မှန်ပါ)၊ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

ဘယ်ဘုရားနဲ့မဆို လွဲဖို့ရာသည် ဘယ်လိုဆုတောင်း ဆုတောင်း တောင်းချင်သလောက်တောင်း သက္ကာယမပြတ်ရင် လွဲရမယ်. . . (မှန်ပါ့)၊ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

ဆုတောင်းလေး သာမညနဲ့ တကယ်ချမယ့် သက္ကာယဒိဋ္ဌိက အပါယ်ပို့ထားမှာနဲ့ဆိုတော့ ဆုတောင်း သာမညနဲ့ တကယ်ပို့မယ့်တရားနဲ့ ဘယ်သူ အတည်ပြုကြမယ်. . . (တကယ်ပို့မယ့် သက္ကာယဒိဋ္ဌိကို အတည်ပြုရမှာပါဘုရား)။

တကယ်ပို့မယ့်တရား အတည်ပြုရမယ်လို့ ဦးဇီရင်တို့မှတ်ရ လိမ့်မယ်. . (မှတ်ရပါမယ်ဘုရား)၊ ရှင်းကြပလား (ရှင်းပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့က ဆုတောင်းထားတာပဲ ကျုပ်တော့ အင်း-ဘုရားနဲ့တွေ့ဖို့ရာ ရှေးဦးစွာ ဘုရားဖူးဖို့ရာ၊ ရှေးဦးစွာ လှူဖို့ရာ အို-မတွေ့ဘူး၊ မတွေ့ဘူး စိတ်သာချ၊ ဘာဖြစ်လို့ မတွေ့တုံးဆိုတော့ မတွေ့နိုင်တဲ့ တရားက မတွေ့အောင်လို့ ပို့ထားမယ့်တရားက ကျုပ်တို့ ဖြုတ်မှ မဖြုတ်ခဲ့ဘူးပဲကိုးဗျ. . . (မှန်ပါ့ဘုရား)။

ဘယ်သူပါလိမ့်. . (သက္ကာယဒိဋ္ဌိပါဘုရား)၊ အဲ-သက္ကာယဒိဋ္ဌိက အပါယ်လေးပါးပို့ထားမယ့်တရား. . . (မှန်ပါ့ဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ဘုရားပေါင်းဘယ်နှစ်ဆူပွင့်သွားပြီလဲ

ဒါကြောင့် ဘုရားပေါင်း ဘယ်လောက် ပွင့်သွားပြီလဲ ဦးဘအုန်းတို့ရေ . . . (မရေတွက်နိုင်ပါဘုရား)၊ ဂင်္ဂါမြစ်ထဲမှာ သဲလုံးနှင့်အမျှနော်၊ ဘာကြောင့်မတွေ့ပါလိမ့်မတုံး၊ ဘယ်သူကများ လုပ်ထားပါလိမ့်မတုံး . . . (သက္ကာယဒိဋ္ဌိက ပို့ထားတာပါဘုရား)။

သက္ကာယဒိဋ္ဌိက ဘယ်ပို့ထားပါလိမ့်မတုံး. . . (အပါယ်ပို့ထားပါတယ်ဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတို့ နောက်ဘုရားတွေလဲ ဂင်္ဂါဝါဠု သဲစုမက ပွင့်အုံးမှာပဲ ဦးဘအုန်းရ. . . (မှန်ပါ့ဘုရား)၊ သူမပြုတ်ရင် ပို့ထားဦးမှာပဲ. . . (မှန်ပါ့ဘုရား)၊ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

သူမပြုတ်ရင် ပို့ထားအုံးမှာဆိုသဖြင့် ဦးသူတော်တို့ အထူး

အရေးမကြီးဘူးလား. . . (ကြီးပါတယ်ဘုရား)၊ ဒါကြောင့် ခင်ဗျား တို့ အိမ်မီးလောင်ချင်လောင်၊ ခေါင်းမီးလောင်ချင်လောင် ဟုတ်လား အဝတ်မီးလောင်ချင်လောင်၊ အဲဒါ မငြိမ်းချင်နေ၊ သက္ကာယဒိဋ္ဌိကို အလျင်ဖြုတ်လိုက်ပါ. . . (မှန်ပါ့ဘုရား)။

ဒါကြောင့်ဘုရားက အရေးကြီး ကြီးသလို ဟောတယ်. . . (မှန်ပါဘုရား) အဲဒါ ဘယ်ပါဠိတော်မှာ လာသတုံးဆိုတော့ အို-သက္ကာယဒိဋ္ဌိဟာ ကွာတဲ့ **ပညာယ ပရိဝိနေန-ပဿလောကံ-သဒေဝကံ နိဝိဋ္ဌံ၊ နာမရူပသ္မိံ ဣဒံ ပစ္စန္တိဝုစ္စတိ**-သုတ္တနိပါတ်ပါဠိ တော်မှာ ပညာကင်းပြီး ဝိပဿနာကင်းတဲ့အတွက် ကွာတဲ့- တစ် သံသရာလုံး အပါယ်ချည်း နေခဲ့ရတယ်၊ ဟော့. . . (မှန်ပါ့ဘုရား)။

ငါ-ငါ ဒိဋ္ဌိမပြုတ်ခဲ့တဲ့အတွက် အပါယ်လေးပါးချည်းနေခဲ့ ရတယ်ဟော့-ဘုရားက ဘုရားဖြစ်လာတော့ ဟောရှာတယ်. . . (မှန်ပါ့ဘုရား)။

ကိုင်း- ဒကာ ဒကာမတို့၊ ဒီတစ်ခါဖြုတ်ရမယ့် ဝိပဿနာရှု ရင်ရှု၊ ရှုရင်ဖြုတ်တာပဲ . . . (မှန်ပါ့ဘုရား) ဒီတစ်ခါမှ မလုပ်တော့ ဘူးဆိုရင်ဖြင့် ခင်ဗျားတို့ ဒီထက် ကိုယ်ကျိုးနည်းတာရှာမတွေ့တော့ ဘူး. . . (မှန်ပါ့ဘုရား)၊ သဘောကျပြီလား. . . (ကျ ါပြီဘုရား)။

သားကိစ္စ, သမီးကိစ္စ, ဆွေကိစ္စ, မျိုးကိစ္စ ဘေးချိတ်ပါ. . . (မှန်ပါ့ဘုရား)၊ ကိုယ့်အရေး အရေးတကြီးလုပ်၊ လုပ်လိုက်ပါဆို တာ တိုက်တွန်းလိုက်ပါတယ်. . . (မှန်ပါ့ဘုရား)။

စားဖို့ သောက်ဖို့ နေဖို့ထိုင်ဖို့ အလုံးစုံ အကုန်မပြည့်စုံတာ မပူပါနဲ့ ဦးဘအုန်းရဲ့ . . (မှန်ပါဘုရား)၊ အပါယ်မျိုးစေ့ဝမ်းထဲ ရှိနေတာကို မရှိအောင်လုပ်ဖို့ရာ အရေးမကြီးဘူးလား. . (ကြီးပါတယ်ဘုရား)။

အပါယ်မျိုးစေ့ ဝမ်းထဲရှိနေတာသည် ဘယ်သူပါလိမ့်. . . (သက္ကာယဒိဋ္ဌိပါဘုရား)၊ အဲ-သက္ကာယဒိဋ္ဌိဆိုတော့ သူတစ်ခုရှိရင် ဦးဘတင်ရေ-**ဒွါသဋ္ဌိ ဒိဋ္ဌိယော ဥပ္ပဇ္ဇမာနာ သက္ကာယဒိဋ္ဌိ- ပမုခေနေဝ ဥပ္ပဇ္ဇန္တိ**-ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိတွေက၊ သူရှိလို့ ဒိဋ္ဌိတွေ အကုန်တက်လာ၊ ကဲ-ဘယ်လောက်ကြောက်စရာကောင်းတုံး. . . (ကြောက်စရာ ကောင်းပါတယ်ဘုရား)။

ဦးခင်မောင်ရေ-ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိ အယူမှားတွေ သက္ကာယဒိဋ္ဌိက ပွားလာတာ. . . (မှန်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ တစ်သံသရာလုံး ကျုပ်တို့သည်ကား ဆိုလို့ရှိရင် ဒီဒိဋ္ဌိပို့ချက်ကြောင့် ဂေါ်ဝါဠသဲစုမကဘုရားတွေနဲ့ လွဲရ, တရားတွေနဲ့လွဲရ ဟုတ်လား၊ ဘာနဲ့ချည်းအမြဲနေရတုံးဆိုတော့ ဒုက္ခပြီး ဒုက္ခသာ ဆက်နေခဲ့ရတယ်လို့ ဆိုလို့ရှိရင် အမှန်ပဲ ဆုံးဖြတ်ချက်ချရမယ်. . . (မှန်ပါဘုရား)။ ကဲ-ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

ကဲ-ဒါဖြင့် ဒီဘဝမှာ ဒီဘုန်းကြီး ပြောတဲ့အတိုင်း ပဋိစ္စသမုပ္ပါဒ် အစပေါ်တဲ့ ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ကို ဖြစ်ပြီးပျက်တဲ့သဘော

ခန္ဓာပဋိစ္စသမုပ္ပါဒ်လို့လဲ သိရမယ် . . . (မှန်ပါ့ဘုရား) ခန္ဓာပဋိစ္စသမုပ္ပါဒ်လို့ သိရမယ်ဆိုတဲ့စကားက တခြားကြောင့်ပြောရတာလို့ အောက်မေ့မနေနဲ့။

ပုဂ္ဂိုလ်သတ္တဝါ ပေါ်လာမှာ စိုးလို့ . . . (မှန်ပါ့ဘုရား)၊ ဦးဘအုန်းဘယ်အကျိုးငှာတုံး. . . (ပုဂ္ဂိုလ်သတ္တဝါပေါ်လာမှာစိုးလို့ပါဘုရား)။

အခု ပေါ်လာတဲ့ ဥပမာမယ်၊ **သောတဉ္စပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏံ** - ကြားစိတ်ကလေး၊ ကြားစိတ်ကလေးက ပဋိစ္စသမုပ္ပါဒ်အစဟော့၊ အဲဒီ ပဋိစ္စသမုပ္ပါဒ်အစကို ဒကာ ဒကာမတွေက သိပါမှ ဩော်-ဒါပဋိစ္စသမုပ္ပါဒ်တရားလေးပါလား. . . (မှန်ပါ့ဘုရား) သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒီထဲက ငါလား, သူလားဆိုတာလေးက ပျောက်နေတယ်၊ အစတည်းကလဲ ဉာဏ်နဲ့ ပျောက်ပြီးသကာလ သွားတော့ ငါလား သူလားလို့လဲ နဂိုကလဲ မထင်တဲ့အထဲမှာမှ သူကနေပြီးသကာလ ပျက်ပျက်ပြီး ပြလိုက်ပြန်တော့ မပြုတ်ဘဲ ခံနိုင်ပါ့မလား. . . (မှန်ပါ့)။

သဘောကျပလား. . . (ကျပါပြီဘုရား)၊ နဂိုကလဲ ဓမ္မပေါ်တယ်၊ နောက်ကျတော့ ဓမ္မပဲ အနိစ္စ ရောက်တယ်ဆိုတော့၊ ဓမ္မပေါ်၍ ဓမ္မ အနိစ္စ ရောက်တယ်ဆိုတော့ ဘယ်မတုံးဗျ- ငါ-ငါ့ဉစ္စာ ပါသေးလား. . . (မပါ-ပါဘုရား)။

သဘောကျရဲ့လား၊ အဲဒါကြောင့် ဒကာ ဒကာမတို့ ဝိပဿနာရှုမှု အလုပ်မှတစ်ပါး သာသနာတွင်း အလုပ်သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် အရေးတကြီး ထားရမယ့်အလုပ် သူပဲ. . . (မှန်ပါ)။

## ဝိပဿနာရှုတာသက္ကာယဒိဋ္ဌိဖြုတ်တာ

ကိုင်း-ဒါဖြင့် သက္ကာယဒိဋ္ဌိဖြုတ်ပြီးသကာလ သွားတဲ့အခါ ကျလို့ရှိရင် ဩော်-၃-နံပါတ် ဝိပဿနာ သမ္မာဒိဋ္ဌိဟာ ဒို့ ဝိပဿနာ ရှုရမယ်၊ ရှုရမယ်ဆိုတာ ဦးဇံရင်ရေ သက္ကာယဒိဋ္ဌိဖြုတ်နေတာ. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဘာလုပ်နေတာ. . . (သက္ကာယဒိဋ္ဌိ ဖြုတ်နေတာပါ ဘုရား)၊ သက္ကာယဒိဋ္ဌိ ဖြုတ်နေတယ်ဆိုတာ ဒကာသစ်၊ ဒကာမြတို့ ကိုမြရွှေတို့ ကျေနပ်ပလား၊ ကောင်းပြီ ဒါဖြင့်၊ ဒီအလုပ်ဟာ မလုပ် မဖြစ်တဲ့အလုပ်ပဲထားဖြစ်အောင်ထားကြပါ. . . (မှန်ပါ့)၊ ဘယ်လို ဆုံးမပါလိမ့်. . . (မလုပ်မဖြစ်တဲ့အလုပ်ပဲ ထားရပါမယ်ဘုရား)။

ထမင်းနှစ်ထပ် စားမယ်ဆိုရင် တစ်ထပ်သာစားပါ၊ ကိစ္စ မရှိပါဘူး၊ အိမ်တွေ ဘာတွေ မိုးမလုံလို့ကိစ္စမရှိပါဘူး၊ စိုရုံမှတစ်ပါး အပိုမရှိဘူး၊ ဒီ-သူ မဖြုတ်လိုက်လို့ရှိရင်ဖြင့် (အပါယ်ရောက်ပါတယ် ဘုရား)။

အပါယ်ရောက်တယ်ဆိုတော့ ခင်ဗျားတို့က ဒါ သေးသေး ကွေးကွေး မှတ်မနေနဲ့၊ အကုသိုလ်ဟူသရွေ့ ရေသောက်မြစ်ပါ (မှန်ပါ့)။

ကိုင်း-ဒါဖြင့် ခင်ဗျားတို့ နည်းနည်းလေး ရှု ^အောင် ပြော ပေးပါမယ် ဒကာ ဒကာမတွေ၊ ဘာလေးရှာရှာ ဘယ်သူ့ဖို့ရှာ-တုံး၊ ငါ့ဖို့ပေါ့၊ သူက လာတာချည်းပဲ၊ ဘယ့်နှယ်တုံး၊ ငါ့ဖို့၊ ငါက ပိုတော့ ဘာတုံး၊ ငါ့သမီး၊ ငါ့သားစားဖို့ဆိုတော့ တဏှာဘက်လှည့်၊ ငါ့ဖို့ဆိုတော့ ဒိဋ္ဌိဘက်လှည့်။

ငါ့သား ငါ့သမီး စားဖို့ဆိုတော့ . . . (တဏှာဘက် လှည့်ပါ တယ်ဘုရား)၊ ဒါဖြင့် ဘယ်သူ့မူတည်တာတုံး. . . (ဒိဋ္ဌိမူတည် ပါတယ်ဘုရား)။

ဒိဋ္ဌိဟာ မူတည်လာတာ ထောက်လိုက်သဖြင့်၊ ဩော်- ဒို့ အမောဆိုက်နေတာ သူ့သတ္တိပါလား၊ တစ်နေ့မှ မနားရဘူး ဒကာ ဒကာမတို့ အရောင်းနဲ့အဝယ်နဲ့နေလိုက်ကြတာ အမောကိုဆိုက်နေ တယ်. . . (မှန်ပါ့)။

အိုခြင်းဆိုးတွေလဲ ပိုလာပြီ . . . (မှန်ပါ)၊ အင်း-ဒူလာ ပါဒရက်တွေလဲစွဲကုန်ကြပြီ . . . (မှန်ပါ့)၊ ဘယ့်နှယ်ကြောင့် ဒါတွေ အစွဲခံပြီး သကာလ ဒီအထဲချည်းဘဲ တစ်နေ့လဲ ဒီအထဲ၊ မနက်ဖြန် လဲ ဒီအထဲဘာဖြစ်နေတာတုံး ဆိုလို့ရှိရင်ဖြင့် ငါရှိနေလို့ ငါ့ဥစ္စာဖြစ်ဖို့ လုပ်နေတာ. . . (မှန်ပါ့)။

ဘယ့်နှယ်ဖြေကြမတုံး . . . (ငါရှိနေလို့ ငါ့ဥစ္စာဖြစ်အောင် လုပ်နေတာပါဘုရား)၊ ငါရှိနေလို့ ငါ့ဥစ္စာဖြစ်ဖို့ လုပ်နေရတော့ ငါဆို တဲ့ ဒိဋ္ဌိမပြုတ်ရင် ငါ့ဥစ္စာဖြစ်ဖို့ဆိုတဲ့ ရှာမှုဟာ လျှော့တော့မှာ မဟုတ်

ပါဘူး. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဩဂုတ်-ဒီအထဲမှာ စျေးချိုအမျိုးမျိုးထဲမှာ ထိုင်ပြီးသကာလ နေကြ၊ ရောင်းကြ၊ ဝယ်ကြ တာတွေ သွားပြီးကြည့်တော့ ပုတီးစိပ်နေလဲ အလကားပဲ. . . (မှန်ပါ့ဘုရား)၊ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

## တဏှာနဲ့ စိပ်နေတဲ့ပုတီးတွေ

ပုတီးစိပ်နေတာလဲ ဘာတုံးဆိုလို့ရှိရင် သူဈေးခေါ်နေတာ၊ သူ့ဥစ္စာ ဘာမှမဟုတ်ဘူး၊ ရိပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား)၊ အဲဒါတွေကလဲ ကုသိုလ်ဖြစ်တယ်လို့ထင်နေတာ၊ တဏှာနဲ့ စိပ်နေ တဲ့ပုတီးပတ်တွေ ဦးဘတင်ရ။

ဒကာ ဒကာမတို့ ဘယ်အကျိုးငှာလုပ်နေတာ၊ ငါဖို့ဖြစ် အောင် လုပ်နေတာပဲ၊ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့၊ အလုံးစုံ အကုန်သည်ကားဆိုလို့ ရှိရင် ဘုရား, တရား, သံဃာ ကိုးကွယ်တာတောင်မှ အင်း-ဘုရားကိုး ကွယ်, တရားကိုးကွယ်, သံဃာကိုးကွယ်လိုက်တာ ကိုယ့်မှာ အကြောင်း ညီညွတ်နေလို့ သက္ကာယဒိဋ္ဌိဝင်ပူးပစ်လိုက်တာ. . . (မှန်ပါ့ဘုရား)၊ ဘုရား ကိုးကွယ်တဲ့အထဲမှာတောင် မြှောင်လိုက်နေ သေးတယ်. . . (မှန်ပါ့ဘုရား)။

တရားကိုးကွယ်တဲ့ အထဲကကော . . . (မြှောင်လိုက်နေပါ

တယ်ဘုရား)၊ သံဃာ ကိုးကွယ်တဲ့ အထဲကကော. . . (မြှောင်လိုက် နေပါတယ်ဘုရား)။ အင်း-ငါ ဒါတွေကိုးကွယ်မိလို့ စီးပွားလေးဖြောင့်၊ အမလေး ဒုက္ခ. . . (မှန်ပါ့ဘုရား)။

ဘယ်သူမြှောင်လိုက်တာတုံး. . . (သက္ကာယဒိဋ္ဌိမြှောင် လိုက်တာပါဘုရား)၊ သက္ကာယဒိဋ္ဌိ မြှောင်လိုက်နေတာ ဒကာ ဒကာမ တို့ ရိပ်မိကြပလား. . . (ရိပ်မိပါပြီဘုရား)။

အဲဒီတော့ ဒကာ ဒကာမတို့ သူမပြုတ်သရွေ့ကာလပတ် လုံး တစ်ခါတည်း ဉာဏ်သက်သက် ဉာဏ်စစ်စစ်ဖြစ်ဖို့ ဦးခင်မောင် ဘယ့်နှယ်လုပ်မတုံး. . . လွယ်ပါ့မလား. . . (မလွယ်ပါဘုရား)။ ရောနေမှာပဲ. . . (မှန်လှပါဘုရား)၊ မရောပေဘူးလား. . . (ရော နေပါတယ်ဘုရား)၊ ရောနေကတည်းက ဒီဥစ္စာ အဝိဇ္ဇာပစ္စယာ သင်္ခါရာ-ဆိုတဲ့ဥစ္စာထဲ ဦးဘတင် သွင်းလိုက်တော့. . . (မှန်ပါ့ ဘုရား)။

ဘယ့်နှယ်ဆိုကြမလဲ. . . (အဝိဇ္ဇာပစ္စယာသင်္ခါရာထဲ သွင်း ရမှာပါဘုရား)၊ ကုသိုလ် သင်္ခါရတဲ့၊ ကုသိုလ် သင်္ခါရလဲ အဝိဇ္ဇာ ပစ္စယာ. . . (သင်္ခါရပါဘုရား)၊ ကုသိုလ်သင်္ခါရဆိုကတည်းက သင်္ခါရ ပစ္စယာ ဝိညာဏ်ဆိုတော့ ဇာတိ ချောက်ကျမယ်. . . (မှန်ပါ့ဘုရား)၊ မကျပါနဲ့ဆိုလို့. . . (မရပါဘုရား)။

အဲ့ဒါကြောင့် ဒကာ ဒကာမတွေ သူမပြုတ်ရင် အရုပ်ဆိုး ချည်းပဲ လုပ်နေလိမ့်မယ်. . . (မှန်ပါ့)၊ သူမပြုတ်ရင်. . . (အရုပ်

ဆိုးချည်း လုပ်နေမှာပါဘုရား)၊ ဦးဘအုန်း ယုံရဲ့လား. . . (ယုံပါတယ်ဘုရား)၊ သူမပြုတ်လို့ရှိရင် အရုပ်ဆိုးချည်း လုပ်မယ်ဆိုတဲ့ဥစ္စာတော့ ငါနဲ့ ငါ့ကုဋ္ဌီလေး ဆောက်ဖို့ရာတောင် ငါနဲ့မတည့်ဘူး ဘုမ္မိအရုပ်ကျနေတယ်, ငါပါနေတယ်။

ကုဋ္ဌီဆောက်တာတောင် သူဘုမ္မိရွေးနေတယ်ဆိုတည်းကိုက ဒါဘာကြောင့်တုံး၊ ငါ့အသက်အန္တရာယ်ဖြစ်လိမ့်မယ် ဘယ်သူကပြောတာတုံး. . . (သက္ကာယဒိဋ္ဌိက ပြောတာပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ကုဋ္ဌီ ဆောက်ပြီးသကာလ သူတစ်ပါးလှူချင်တာတောင်မှ သက္ကာယဒိဋ္ဌိပါ-မပါ. . . (ပါ-ပါတယ်ဘုရား)။

ရေအိုးစင်လေးတည်ချင်တော့. . . (ပါသေးတာပဲဘုရား) ပါသေးတာပဲ တံခွန်းတိုင်လေးထူချင်တော့. . . (ပါသေးတာပါပဲဘုရား) ဟ ဘယ်ထောင့်တော့ မထူကောင်းဘူး. . . (မှန်ပါ)၊ ဒါဟာဘာတုံး. . . (သက္ကာယဒိဋ္ဌိပါဘုရား)။

ငါအန္တရာယ်ဖြစ်မှာစိုးရတယ်၊ ဒါဘယ်က လာတာပါလိမ့် (သက္ကာယဒိဋ္ဌိက လာတာပါဘုရား)၊ ဒါဖြင့် ကုသိုလ်ဟူသည်မှာ သူမပြုတ်သရွေ့ ကာလပတ်လုံး အရောချည်းပဲ၊ သဘောကျပြီလား (ကျပါပြီဘုရား)။

အရောချည်းဆိုလို့ရှိရင် ဒကာ ဒကာမတို့ အဖြူထဲ အမည်းကွက်ပါတာတော့ ဘယ်တော့မှ ကြည့်မကောင်းဘူး. . . (မှန်ပါ့)

ဦးခင်မောင် ဘယ့်နှယ်ဆိုမတုံး. . . (ကြည့်မကောင်းပါဘူးဘုရား)၊ ဘယ်နည်းနဲ့ ကြည့်ကြည့်ဗျာ၊ ကြည့်လို့ကောင်းပါ့မလား (မကောင်းပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့သည်ကားဆိုလို့ရှိရင် အကျိုးပေးကြလာခဲ့တဲ့အခါ ကုသိုလ်လေးများဖြောင့်ဖြောင့် အကျိုးပေးချင်လိုက်တာ တယ်-တို့မီး ရှို့မီးတွေ များပါလား . . . (မှန်ပါ့ဘုရား)။

လုပ်တုန်းက သက္ကာယဒိဋ္ဌိနဲ့ ရောပြီးလုပ်၊ ပြီးတော့ တို့မီးရှို့မီးပါတာ ပြောပြန်တယ် မခက်ဘူးလား ဦးဘအုန်း (ခက်ပါတယ်ဘုရား)၊ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

ဒကာ ဒကာမတို့ နေရာတိုင်းမှာ သူပါနေလို့ရှိရင် ဘယ်နည်းနှင့်မျှ နိဗ္ဗာန်မရောက်နိုင်ဘူး. . . (မှန်ပါ့ဘုရား)၊ ရောက်ပါ့မလား. . . (မရောက်ပါဘုရား)။

မရောက်တော့ဘူးဆိုသဖြင့် ဒကာ ဒကာမတို့ ဘယ်သူ့ကြောင့် မရောက်တာတုန်း၊ ဒါနကြောင့် မရောက်တာလား၊ ဒါနက ရောက်အောင် ပို့နိုင်တယ် သူဆွဲထားလို့ မရောက်တာ . . . (မှန်ပါ)၊

သီလလဲ ရောက်အောင်ပို့နိုင်တယ်. . . (သူဆွဲထားလို့ မရောက်တာပါဘုရား)၊ သက္ကာယဒိဋ္ဌိက ဆွဲထားလို့သာ ငါ့အသက်ရှည်အောင်, ငါစောင့်မယ်ဆိုတော့ မင့်အသက်ရှည်သာ ရှည်တော့ နိဗ္ဗာန်မသွားနဲ့တော့. . . (မှန်ပါ့ဘုရား)။

သွားပြီပေါ့၊ အသက်ရှည်အောင်လို့ ဥပုသ်စောင့် အသက်

သာ ရှည်ပေးမှာပဲ. . . (မှန်ပါ့ဘုရား) နိဗ္ဗာန်တော့. . . (မရောက်ပါဘုရား)။

ဘယ်သူက ပြောတာတုံး အသက်ရှည်ချင်တာက ငါရှည်ချင်တာကိုးဗျာ့ . . . (မှန်ပါ့)၊ ရိပ်မိပြီလား၊ ဒါဖြင့် ခင်ဗျားတို့ ဥစ္စာကုသိုလ် အရောလေးများပါကြရဲ့လား. . . (ပါ-ပါတယ်ဘုရား)။

အရောလေးပါတယ်ဆိုထဲကိုက အဆွဲခတ်က တက်မယ်ကြံရင်း, ဆွဲချရင်း တက်မယ်ကြံရင်း. . . (ဆွဲချရင်းပါဘုရား)၊ ဒါကြောင့်, ဒါကြောင့် ဒါန နိဗ္ဗာန်မရောက်ဘူးလို့ ဘုန်းကြီးတို့ မဟောပါဘူး၊ သီလမရောက်ဘူးလို့ မဟောပါဘူး၊ သက္ကာယဒိဋ္ဌိပါတယ် မရောက်ဘူး . . . (မရောက်ပါဘုရား) နောက်သက္ကာယဒိဋ္ဌိ ပြုတ်ရင်. . . (ရောက်ပါတယ်ဘုရား)။

သက္ကာယပြုတ်တော့ ဉာဏ် ဦးစီးပြီကောဗျာ. . . (မှန်ပါ့)၊ မိစ္ဆာဒိဋ္ဌိပြုတ်တော့ သမ္မာဒိဋ္ဌိဝင်လာမှာပါ. . . (မှန်ပါ့)၊ ကိုင်း-ဒါဖြင့် ဒကာ ဒကာမတို့၊ အရေးတကြီးလုပ်ရမှာ ဘယ်အလုပ်ပါလိမ့်၊ (ဝိပဿနာသမ္မာဒိဋ္ဌိအလုပ်ပါဘုရား) ဝိပဿနာသမ္မာဒိဋ္ဌိဆိုတော့ ဦးဘအုန်းက လွယ်လိုက်တာ ဝိပဿနာ အလုပ်ဟာ ဘာလုပ်တာတုံး . . . (သက္ကာယဒိဋ္ဌိပြုတ်တာပါဘုရား)။

သက္ကာယဒိဋ္ဌိ ဖြုတ်တာ . . . (မှန်ပါ့)၊ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)၊ အဲဒါကြောင့်ဒီကမှ မစလို့ရှိရင် ခင်ဗျားတို့ နိဗ္ဗာန်ရောက်ကြောင်းအစ ဝိပဿနာကမှ မစတော့ဘူး ဆိုလို့ရှိရင်

ဦးခင်မောင်သွားပြီ. . . (မှန်ပါ့ဘုရား)။

ဒါကြောင့် ကိုယ်တော်တိုင် ဟောတဲ့ ပါဠိတော်လေး ဦးခင်မောင်တို့ မှတ်စမ်း၊ **ကတမော စ ဘိက္ခဝေ အသင်္ခတဂါမိမဂ္ဂေါ၊** ကတမောစ-အဘယ်တရားသည် အသင်္ခတ ဂါမိ မဂ္ဂေါ-နိဗ္ဗာန်သို့ ရောက်တဲ့ လမ်းကောင်းတရား အစစ်အမှန်ဖြစ်ပါသတုံး။

ဘုရားကမေးတာ၊ ဘုရား၊ ဒါထားပြီး မြန်မာလို ပြန်ကြပါစို့ အဘယ်တရားသည် နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းဖြစ်ပါ လိမ့်မတုံး၊ ဝိပဿနာလို့ကိုဖြေချလိုက်၊ သံယုတ်ပါဠိတော်ကလာ တာ . . . (မှန်ပါ့ဘုရား)။

ဒါ့ထက်ခိုင်လုံတာတော့ မရှိတော့ဘူး . . . (မှန်လှပါ ဘုရား)၊ ဒါ ဘာတုံး . . . (ဘုရားကိုယ်တော်တိုင် ဟောတာပါ ဘုရား)၊ အေး သံယုတ်ပါဠိတော်ဆိုတာ သူကိုယ်တိုင် ဟောတာ . . . (မှန်ပါ့)။

## နိဗ္ဗာန်ရောက်ကြောင်းအစစ်

**ကတမော စ ဘိက္ခဝေ အသင်္ခတဂါမိမဂ္ဂေါ၊** ဝိပဿနာလို့ ဘုရားက အဖြေထွက်ပေးလိုက်တယ် - ကဲ-နိဗ္ဗာန် ရောက်ကြောင်း အစစ် ဘယ်သူတဲ့တုံး၊ ကဲ-ဘယ့်နှယ်ကြောင့် ရောက်သတုံးဆိုတော့ သက္ကာယဒိဋ္ဌိ ပြုတ်လို့ရောက်တာ. . . (မှန်ပါ့ဘုရား)။ ပေါ်ပြီ လား. . . (ပေါ်ပါပြီဘုရား) သက္ကာယ မပြုတ်ရင် . . . (မရောက်

ပါဘုရား) ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေက နားလည်ပါပြီ တဲ့၊ ခန္ဓာထဲမှာ တွေ့ဖို့လေးသာ ရှိကြပါတော့တယ်. . . (မှန်ပါ ဘုရား)။ ခန္ဓာထဲမှာ . . . (တွေ့ဖို့ရှိပါတယ်ဘုရား)။

တွေ့ဖို့အရေးကြီးတယ် ဦးခင်မောင်ရေ ဘာအရေးကြီးပါ လိမ့် . . . (ခန္ဓာထဲတွေ့ဖို့ အရေးကြီးပါတယ်ဘုရား) မလုပ်မဖြစ်တဲ့ အလုပ်လဲသိပါပြီဘုရား (မှန်ပါတယ်ဘုရား) ခန္ဓာထဲမှာတွေ့ဖို့ အလုပ်ကလေးက ခုပဲ အရေးကြီးတယ်ဆိုတော့ ခင်ဗျားတို့ ဘယ်မှ ရှာမနေနဲ့ မျက်လုံးဖွင့်လိုက် မြင်စိတ်ပေါ်လာလိမ့်မယ်၊ ဟာ-ဒါလေး ဖြစ်ပျက်ရှုလိုက်၊ တွေ့တာပဲ (မှန်ပါ့ဘုရား)။

နားလေးထောင်ကြည့်လိုက်-ကြားတဲ့စိတ်ကလေး မပေါ် ဘူးလား . . . (ပေါ်ပါတယ်ဘုရား) ဒါလေးဖြစ်ပြီး ပျက်တာပဲလို့ သိလိုက်. . . (မှန်ပါ့ဘုရား)၊ သက္ကာယဒိဋ္ဌိ ဖြုတ်နေတာ သဘောကျ ပလား၊ နှာခေါင်းလေးရှူလိုက်တော့ မွှေးတယ်၊ မွှေးတဲ့စိတ်က ပေါ်လာ (မှန်ပါဘုရား) ပေါ်တာလေးရှုလိုက်တာပေါ့ဗျာ၊ ဘယ်နှယ် ရှုမတုံး ဖြစ်ပြီးပျက်တဲ့တရားကလေးပဲ ရှုချလိုက်၊ သက္ကာယဒိဋ္ဌိ ပြုတ်မပြုတ် . . . (ပြုတ်ပါတယ်ဘုရား)။

အင်း - ခန္ဓာကိုယ်မှာ ယားတယ်၊ ယားတဲ့နေရာလေး ယားတာ ဖြစ်ပျက်ရှု. . . (ဖြစ်လိုက်ပျက်လိုက်ပါဘုရား)၊ လေတိုက် လို့ကောင်းတယ်. . . (ကောင်းတဲ့စိတ်ကလေး ဖြစ်ပျက်ရှုရမှာပါ ဘုရား)။

## ဖြစ်ပျက်ရှုတော့ဘာဖြစ်သွားသတုံး

အင်း-ဖြစ်ပျက်ရှုလိုက်တော့ ဘာဖြစ်သွားတုံး . . . (သက္ကာယဒိဋ္ဌိပြုတ်ပါတယ် ဘုရား)၊ သက္ကာယဒိဋ္ဌိ ပြုတ်သွားတယ် . . . (မှန်ပါတယ်ဘုရား)၊ ဖြစ်တာမြင်သဖြင့်လဲ ဒကာဒကာမတို့ ဥစ္ဆေဒဒိဋ္ဌိ ပြုတ်တယ် . . . (မှန်ပါ့ဘုရား)။

ပျက်တာမြင်သဖြင့် သဿတ-သက္ကာယဒိဋ္ဌိပြုတ်ပါတယ် . . . (မှန်လှပါဘုရား)၊ ပြုတ်တယ်ဆိုတော့ ဦးခင်မောင် ဘာစောဒကတက်စရာလိုသေးတုံး . . . (မလိုပါဘုရား)။

ဒါဖြင့် ဘုရားက နိဗ္ဗာန်ရောက်ကြောင်း ဘယ်သူတုံးလို့ မေးတော့ ဝိပဿနာကုသိုလ်ဆိုတာများ လွဲသေးလား . . . (မလွဲပါဘုရား) အဲဒါသူက ဘယ့်နှယ်ကြောင့်ဟာ ဝိပဿနာရယ်လို့ ဆိုရပေလိမ့်မတုံးလို့ ဦးဘအုန်း မေးလို့ရှိရင် ဖြေတတ်ပလား (ဖြေတတ်ပါပြီဘုရား)။

အို - သက္ကာယပြုတ်လို့ သူကပြုတ်တာ. . . (မှန်ပါ့ဘုရား) နို့မို့ရင်တော့ ဒိဋ္ဌိရောက်နေတယ်. . . (မှန်ပါ့ဘုရား) သံသရာမှာ ဘုရားအဆူဆူနဲ့ လွဲတာ . . . (ဒိဋ္ဌိရောက်နေလို့ပါဘုရား)။

ဒိဋ္ဌိမပြုတ်သည်နှင့် တစ်ပြိုင်နက်တည်း နိဗ္ဗာန်နဲ့လွဲ ဒိဋ္ဌိပြုတ်ရင် သမ္မာဒိဋ္ဌိရောက် မိစ္ဆာဒိဋ္ဌိပျောက်၊ သမ္မာဒိဋ္ဌိက ရောက် ဘာမှခင်ဗျားတို့က သမ္မာဒိဋ္ဌိလာရပါလို၏ ဆုတောင်းလို့မရဘူး. . . (မှန်လှပါဘုရား)။

မိစ္ဆာဒိဋ္ဌိပြုတ်ရင် . . . (သမ္မာဒိဋ္ဌိရောက်ပါတယ် ဘုရား) သမ္မာဒိဋ္ဌိရောက်တယ်လို့ မှတ်ကြစို့လေ ဒကာဒကာမတို့၊ အဖြစ်နှင့် အပျက်သာရှိတယ်၊ ပုဂ္ဂိုလ်သတ္တဝါမရှိဘူးဆိုတာ ဘာတုံး . . . (သမ္မာဒိဋ္ဌိရောက်နေပါတယ် ဘုရား)။

အဲဒီ သမ္မာဒိဋ္ဌိကို ခင်ဗျားတို့ ခန္ဓာကိုယ်ထဲ ရောက်လာတဲ့ တစ်နေ့မှာ နိဗ္ဗာန်ရောက်ရပါလို၏လို့ ဆုတောင်းရမှာလား ဝိပဿ နာအစစ်မဖြစ်သေးဘူးလား . . . (ဖြစ်နေပါတယ် ဘုရား)။

အစစ်ဖြစ်နေထဲက-**ကတမော စ ဘိက္ခဝေ အသင်္ခတဂါမိ မဂ္ဂေါ၊ ကတမော** စ-အဘယ်တရားသည်၊ အသင်္ခတဂါမိမဂ္ဂေါ နိဗ္ဗာန် သွားတဲ့မဂ်လို့ ဆိုနိုင်ပါသတုံး၊ ဝိပဿနာ ဒီအတိုင်း ဖြေဆိုချလိုက် တယ် . . . (မှန်ပါ့ဘုရား)။

ဆိုတော့ ဦးဇင်းတို့ အထူးရှာစရာလိုသေးလား . . . (မလို ပါ ဘုရား) ကိုင်း-ဒါဖြင့် ဒကာဒကာမတို့ ၃-နံပါတ်ဟာဖြင့် သိပ်အရေး ကြီးတယ်. . . (မှန်လှပါဘုရား)။

## ဘယ်အခြေရောက်အောင်လုပ်ရမှာတုံး

မကြီးဘူးလား. . . (ကြီးပါတယ် ဘုရား)၊ ကြီးတယ်တဲ့၊ ဒါဖြင့် ၃-နံပါတ်ကို ခင်ဗျားတို့က ၃-နံပါတ်ဟာ တပည့်တော်တို့က ဘယ် အခြေအနေရောက်အောင် လုပ်ရမှာတုံးလို့ မေးလို့ရှိရင် အင်း-ဖြစ်ပျက်မြင်အောင် ဆက်ဆက်ရှုပေါ့ . . . (မှန်လှပါဘုရား)၊

အဖြစ် အပျက်တွေကိုလဲ တစ်ခါတည်း မြင်သထက်မြင်ပြီးသကာလ မုန်း သထက် မုန်းအောင်လဲ ရှုပေးပေ့ါဗျာ. . . (မှန်လှပါဘုရား)။

ဒါ ဝိပဿနာအဆုံးပါပဲ . . . (မှန်ပါ့) ဖြစ်ပျက်မြင်တာရယ် ဖြစ်ပျက်မုန်းတာရယ် ဒါ ဝိပဿနာဉာဏ်လို့ မှတ်လိုပ်စမ်းပါ . . . (မှန်ပါ့) သဘောကျပြီလား . . (ကျပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဒကာဒကာမတို့ ၄-နံပါတ်က ဟောလိမ့်မယ်၊ ၄-နံပါတ်ဟောလိမ့်မယ်ဆိုတာ မှတ်ပါ၊ ၄-နံပါတ်က ဘာ သမ္မာဒိဋ္ဌိလဲ . . . (မဂ္ဂသမ္မာဒိဋ္ဌိပါဘုရား)။

မဂ္ဂသမ္မာဒိဋ္ဌိ. . . (မှန်ပါ့) ဒကာဒကာမတို့ ၄-နံပါတ်က (မဂ္ဂသမ္မာဒိဋ္ဌိပါဘုရား) ကောင်းပြီတဲ့၊ မဂ္ဂသမ္မာဒိဋ္ဌိကို ပြောမယ်၊ မဂ္ဂသမ္မာဒိဋ္ဌိ ဆိုတဲ့ဥစ္စာ ဒကာဒကာမတို့ ဒီအထဲမှာ မဂ္ဂင်ရှစ်ပါးကို ဆိုတယ် (မှန်ပါ့) မဂ္ဂင်ရှစ်ပါးထဲက ခေါင်းဆောင်ဖြစ်တဲ့ သမ္မာဒိဋ္ဌိကို ဆိုတာမှတ်ပေ့ါဗျာ . . . (မှန်ပါ့ ဘုရား)။

## ဝိပဿနာသမ္မာဒိဋ္ဌိ၏တန်ခိုးသတ္တိ

မဂ္ဂင်ရှစ်ပါးထဲက သမ္မာဒိဋ္ဌိကို ဆိုတာပေ့ါဗျာ၊ ကောင်းပြီ မဂ္ဂ သမ္မာဒိဋ္ဌိက ခုနက ဝိပဿနာသမ္မာဒိဋ္ဌိနဲ့ဘာထူးသတုံး. . . အို ဝိပဿနာ သမ္မာဒိဋ္ဌိက ဖြစ်ပျက်မြင်တာ ဖြစ်ခြင်းကြောင့် သက္ကာယ ဒိဋ္ဌိသာ ပြုတ်နိုင်တယ်. . . (မှန်ပါ့ဘုရား)။

ဝိပဿနာ သမ္မာဒိဋ္ဌိက ဒီမှာလမ်းဆုံးတယ် . . . (မှန်ပါ့

ဘုရား)၊ ဝိပဿနာသမ္မာဒိဋ္ဌိတန်ခိုးက (သက္ကာယဒိဋ္ဌိပြုတ်တဲ့ နေရာ လမ်းဆုံးပါတယ် ဘုရား)။

ဖြစ်ပျက် မြင်တယ်၊ မြင်ခြင်းကြောင့် သက္ကာယဒိဋ္ဌိပြုတ်တယ် . . . (မှန်ပါ့)၊ဒီမှာ သူ့စွမ်းရည်သတ္တိကုန်တယ်၊ သေသေချာချာ မှတ်ပါ၊ ဝိပဿနာ သမ္မာဒိဋ္ဌိစွမ်းရည်သတ္တိက ဘယ်လိုများပါလိမ့် . . . (သက္ကာယဒိဋ္ဌိပြုတ် လမ်းဆုံးခြင်း သတ္တိရှိပါတယ်ဘုရား) ဖြစ်ပျက်ကိုမြင်တယ်နော်၊ မြင်ခြင်းကြောင့် ဘာပြုတ်တုံး . . . (သက္ကာယဒိဋ္ဌိ ပြုတ်ပါတယ်ဘုရား)။

သက္ကာယဒိဋ္ဌိမြင်၍ သက္ကာယဒိဋ္ဌိပြုတ်တဲ့အလုပ်ဟာ ဝိပဿနာသမ္မာဒိဋ္ဌိအလုပ် . . . (မှန်ပါ့ဘုရား)၊ ရှင်းပလား . . (ရှင်းပါတယ်ဘုရား) ဖြစ်ပျက်မြင်၍ သက္ကာယဒိဋ္ဌိပြုတ်တဲ့အလုပ်ဟာ . . . (ဝိပဿနာ အလုပ်ပါဘုရား)။

ဝိပဿနာသမ္မာဒိဋ္ဌိအလုပ်၊ သာမည သမ္မာဒိဋ္ဌိလို့ မဆိုနဲ့ . . (မှန်ပါ့ဘုရား)၊ သမ္မာဒိဋ္ဌိတွေက နည်းတာတွေမဟုတ်ဘူး . . . (မှန်ပါ့ဘုရား)။

ဖြစ်ပျက်မြင်၍ သက္ကာယဒိဋ္ဌိပြုတ်တဲ့အလုပ်ဟာ . . . (ဝိပဿနာ သမ္မာဒိဋ္ဌိအလုပ်ပါဘုရား)၊ ဒီမှာ သုံးလေးရက် ဟောလာတာ ဦးဘအုန်း ဒါလေးလိုရင်းပဲ . . . (မှန်ပါ့ဘုရား)၊ ဖြစ်ပျက်မြင်၍ သက္ကာယဒိဋ္ဌိပြုတ်တဲ့အလုပ်ဟာ . . . (ဝိပဿနာသမ္မာဒိဋ္ဌိ အလုပ်ပါဘုရား)။

အဲ-ဝိပဿနာ သမ္မာဒိဋ္ဌိအလုပ်ပဲ၊ ကောင်းပြီ ဒါဖြင့် မဂ္ဂသမ္မာ ဒိဋ္ဌိကတော့ သူ့အလုပ်ရှင်းကြပါစို့ ဆိုတော့ ဝိပဿနာ သမ္မာဒိဋ္ဌိ အလုပ်က ခုနက ရှင်းအောင်ပြောပြီးပါပြီ၊ မဂ္ဂသမ္မာ ဒိဋ္ဌိကတော့ ဘာလုပ်သတုံး ဦးဘအုန်း မေးဖို့မလိုဘူးလား . . . (လိုပါတယ်ဘုရား)။

**မဂ္ဂသမ္မာဒိဋ္ဌိကဘာလုပ်သတုံး**

ဦးခင်မောင် မလိုဘူးလား . . . (လိုပါတယ်ဘုရား) မဂ္ဂ သမ္မာ ဒိဋ္ဌိက ဘာလုပ်သတုံးလို့ မေးဖို့လိုလာတယ်၊ ဒကာ ဒကာမတို့ ဒါ ဂရုစိုက်ပြီး နားထောင်ပါ၊ မဂ္ဂသမ္မာဒိဋ္ဌိက ဘာလုပ်သတုံး၊ သူလဲ သမ္မာဒိဋ္ဌိပဲမဟုတ်လား . . . (မှန်ပါ့ဘုရား)၊ သမ္မာက မှန်ကန်တာ ဒိဋ္ဌိက မြင်တာ အမှန်အကန် မြင်တာပဲ။

သူက ဘယ်လိုအမှန်အကန်မြင်သတုံး မေးဖို့မလိုဘူးလား . . . (လိုပါတယ် ဘုရား) အဲဒီတော့ကိုတဲ့ မဂ္ဂသမ္မာဒိဋ္ဌိကတော့ကွာ တဲ့၊ သံယုတ်အဋ္ဌကထာဆရာက ဘယ်လိုလာသတုံးလို့ မေးလို့ ရှိရင် ဝိပဿနာသမ္မာဒိဋ္ဌိ ခန္ဓာတွေကို ခန္ဓာဖြစ်ပျက်တွေကို မြင်ပြီး သကာလ သက္ကာယဒိဋ္ဌိသုတ်သင်တာဟာ ဝိပဿနာသမ္မာဒိဋ္ဌိ အလုပ် . . . (မှန်ပါ့ဘုရား)။

အဲဒီနောက်မှာမှတဲ့ ခန္ဓာဖြစ်ပျက်တွေကို မမြင်ဘဲနဲ့ နိဗ္ဗာန် ကို မြင်တဲ့အလုပ်ဟာ မဂ္ဂင်သမ္မာဒိဋ္ဌိအလုပ် . . . (မှန်ပါ့ဘုရား)၊

ခန္ဓာဖြစ်ပျက် မမြင်ဘဲနဲ့ နိဗ္ဗာန်မြင်တဲ့အလုပ်ဟာ . . . (မဂ္ဂသမ္မာဒိဋ္ဌိ အလုပ်ပါဘုရား) မဂ္ဂသမ္မာဒိဋ္ဌိအလုပ် . . . (မှန်ပါ) ခန္ဓာဖြစ်ပျက် မမြင်ဘဲနဲ့ နိဗ္ဗာန်မြင်တဲ့ အလုပ်ဟာ ဘာပါလိမ့်. . . (မဂ္ဂသမ္မာဒိဋ္ဌိ အလုပ်ပါဘုရား)။

အမယ်လေး ထူးခြားကြီးပါလား. . . (မှန်ပါဘုရား) အင် မတန် ထူးခြားတယ်ဆိုတာ ဒကာဒကာမတွေ လေးစားစွာနဲ့ မှတ်ပါ (မှန်ပါ) ဩော် ဝိပဿနာသမ္မာဒိဋ္ဌိနဲ့ မဂ္ဂသမ္မာဒိဋ္ဌိဟာ ဦးဘအုန်းတို့ ဦးခင်မောင်တို့ သိသိသာသာ ထူးခြားပါလား . . . (မှန်ပါ)။

## မဂ္ဂသမ္မာဒိဋ္ဌိကဖြစ်ပျက်မမြင်ဘူး

မဂ္ဂသမ္မာဒိဋ္ဌိ သူကတော့ ခန္ဓာဖြစ်ပျက်တော့ မမြင်ဘူးတဲ့ သစ္စာဘူမိ လဒ္ဓိ ဝဋ္ဋသစ္စာ ဝိပဿနာ သမ္မာဒိဋ္ဌိ ဖြစ်သည်မှ နောက် ကာလ၌ ဘူမိလဒ္ဓိ-ဉာဏ်၏တည်ရာကိုရသော ဝဋ္ဋ-ချားရဟတ်ပမာ ချာချာပတ်၍ ခဏခဏ ဖြစ်ပျက်နေတဲ့တရားကြီးကို ဖြစ်ပျက်ကြီး ကိုဟော့ . . . (မှန်ပါ)။

ပရိစ္ဆိတ္တာ - စွန့်၍ ကဲ ဖြစ်ပျက်မမြင်ဘူးတဲ့ကွ . . . (မှန်ပါ) မဂ္ဂ သမ္မာဒိဋ္ဌိက ဖြစ်ပျက်မြင်သေးလား . . (မမြင်ပါဘုရား) ဒါဖြင့် ပရိစ္ဆိတ္တာ-စွန့်၍ မဂ္ဂသမ္မာဒိဋ္ဌိ နိဗ္ဗာန်မြင်တဲ့ သမ္မာဒိဋ္ဌိသည် ဥပ္ပဇ္ဇတိ-ဖြစ်ပေါ်လာ၏. . . (မှန်ပါ) သူက တစ်မျိုးပါလား . . . (မှန်ပါ) သံယုတ် အဋ္ဌကထာ ဆရာက သေသေချာချာဖွင့်ပါတယ်

. . . (မှန်ပါ့ဘုရား)။

ဒကာဒကာမတို့ ဒါဖြင့် မဂ္ဂသမ္မာဒိဋ္ဌိက ဖြစ်ပျက်မမြင်ဘဲနဲ့ နိဗ္ဗာန်မြင်ပြီး ပေါ်လာတာ ဘာဆိုကြမယ်. . . (မဂ္ဂသမ္မာဒိဋ္ဌိပါ ဘုရား)။

ကဲ-ဒါဖြင့် ဦးခင်မောင်ရေ ဒါလေး အထူးဂရုပြုဗျာ. . . (မှန်ပါ့) မဂ္ဂသမ္မာဒိဋ္ဌိက ဖြစ်ပျက်ကို . . . (မမြင်ပါဘုရား) ဖြစ်ပျက်ကိုမြင်နေရင် ဝိပဿနာထဲ သွားအုံးမှာပေါ့ . . . (မှန်ပါ့)။

## မဂ္ဂသမ္မာဒိဋ္ဌိက နိဗ္ဗာန်မြင်တယ်

မဂ္ဂသမ္မာဒိဋ္ဌိက ဖြစ်ပျက်ကို မမြင်ပါဘူးတဲ့ ဒကာဒကာမတို့ (မှန်ပါ့) ဖြစ်ပျက်မမြင်ဘဲနဲ့ နိဗ္ဗာန်မြင်ပြီး သကာလ နိဗ္ဗာန်မြင်တဲ့ ဉာဏ်က မဂ္ဂသမ္မာဒိဋ္ဌိ၊ သဘောကျပလား . . . (ကျပ်ပါပြီဘုရား)။

အင်း - သူကဘာမြင်ပါလိမ့်. . . (နိဗ္ဗာန်မြင်ပါတယ် ဘုရား) ဖြစ်ပျက်ကော . . . (မမြင်ပါဘုရား)။

ဟာ-ဖြစ်ပျက်မမြင်ရင် သင်္ခါရတရား အာရုံပြုတယ် ဆိုအုံးမှာလား . . (မဆိုပါဘူးဘုရား) အဲဒီကျတော့မှ ပဋ္ဌာန်းပါဠိတော်နဲ့ သွားကိုက်တယ်၊ နိဗ္ဗာနံမဂ္ဂဿ နိဗ္ဗာနံ-နိဗ္ဗာန်သည် မဂ္ဂသမဂ်အား အာရမ္မဏ ပစ္စယေန-အာရမ္မဏ ပစ္စယသတ္တိဖြင့် ပစ္စယောဥပကာရကော-ကျေးဇူးပြုသည် ဟောတိ-ဖြစ်၏ ဆိုတော့ နိဗ္ဗာနံ မဂ်ပဲ . . . (မှန်ပါ့)။

ဒါဖြင့် မဂ္ဂသမ္မာဒိဋ္ဌိသည် ဖြစ်ပျက်ကိုမမြင်ဘူး၊ နိဗ္ဗာန်ကိုသာ မြင်တဲ့တရား ဒုက္ခချုပ်တာကိုသာ မြင်တဲ့တရား . . . (ဟုတ်ပါ့) ဒီတရားကို ဘာသမ္မာဒိဋ္ဌိခေါ်ကြမယ်. . . (မဂ္ဂသမ္မာဒိဋ္ဌိခေါ်ပါတယ် ဘုရား) ဒါဖြင့် မဂ္ဂသမ္မာဒိဋ္ဌိလို့ ခေါ်ရမယ်. . . (မှန်ပါ့)။

ဒကာဒကာမတို့ မဂ္ဂသမ္မာဒိဋ္ဌိကို သေသေချာချာ မှတ်ပါ. . . (မှန်ပါ့)၊ အလျင်တရားလို ဖြစ်ပျက်မြင်သေးလား . . . (မမြင်ပါ ဘုရား)၊ ဖြစ်ပျက်ဆုံးတာကို မြင်တယ် . . . (မှန်ပါ့) ဖြစ်ပျက်အဆုံး ဆိုတာနိဗ္ဗာန်ပဲ . . . (မှန်ပါ့) ဖြစ်ပျက်အဆုံးကို မြင်တဲ့ဉာဏ်သည် ဘာသမ္မာဒိဋ္ဌိဆိုကြမယ်. . . (မဂ္ဂသမ္မာဒိဋ္ဌိ ပါဘုရား)။

ဖြစ်ပျက်အဆုံးမြင်တဲ့ဉာဏ်သည် (မဂ္ဂသမ္မာဒိဋ္ဌိပါ ဘုရား) ကျေနပ်ကြပလား . . . (ကျေနပ်ပါပြီဘုရား)၊ သြော် - ဒါဖြင့် ဒီ့ဟာ မင်ရဖို့ဟာ ဆုတောင်းဖို့မလိုပါဘူး၊ ဝိပဿနာသမ္မာဒိဋ္ဌိဖြိုင်ဖြိုင် လုပ်ဖို့ပဲ . . . (မှန်ပါ့) ဒီမှာပေါ်လာတယ်ဗျ၊ ဦးခင်မောင်၊ ဒီမှာ မပေါ်လာဘူးလား . . . (မှန်ပါ့)။

ဝိပဿနာသမ္မာဒိဋ္ဌိ ဖြိုင်ဖြိုင်လုပ်လိုက်၍ မဂ္ဂသမ္မာဒိဋ္ဌိဟာ လာမှာ . . (မှန်ပါ့) ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

မဂ္ဂသမ္မာဒိဋ္ဌိကို လာဖို့ရာသည် ခင်ဗျားတို့ ရှေ့ပြေးဘာ အရေးကြီးသတုံး. . . (ဝိပဿနာသမ္မာဒိဋ္ဌိ အရေးကြီးပါတယ် ဘုရား) အင်း - ဝိပဿနာသမ္မာဒိဋ္ဌိပဲ၊ အရေးကြီးပါတယ် ဒကာ

ဒကာမတို့ တခြား ဘာမှ အရေးမကြီးပါဘူး။

ဒါဖြင့် ခင်ဗျားတို့ ဘာလုပ်နေကြရမတုံး . . . (ဝိပဿနာ သမ္မာဒိဋ္ဌိလုပ်နေရမှာပါ ဘုရား)၊ ဝိပဿနာသမ္မာဒိဋ္ဌိပဲ လုပ်နေ၊ ဝိပဿနာ သမ္မာဒိဋ္ဌိပဲလုပ်နေပါ. . . (မှန်ပါ့)။

ခင်ဗျားတို့ သန္တာန်ပေါ် ချင်တဲ့ ဝေဒနာပေါ် ပေါ်ချင်တဲ့ စိတ်ပေါ် ပေါ်ချင်တာပေါ် ဦးခင်မောင် ဖြစ်ပျက်သာရှုနေ၊ ရှုတတ်ပြီမဟုတ်လား ရှုတတ်ပြီတဲ့။

အဲဒါရှုနေတာဝိပဿနာသမ္မာဒိဋ္ဌိလုပ်နေတာပဲ . . . (မှန်ပါ့) သူကလဲ ဘာမှမမြင်ဘူး၊ ဖြစ်တာ ပျက်တာ သူက ဒါပဲမြင်တယ် ဩော် ပျက်သွားပြီ ပျက်သွားပြီ သူ့အလုပ်က ဒါပဲ . . . (မှန်ပါ့)

ဒါလုပ်နေတဲ့အတွက် ဒိဋ္ဌိက အလိုလိုကွာနေတာပဲ၊ ဦးဘအုန်းရေ ကျေနပ်ပလား. . . (မှန်ပါ့) နောက် မဂ္ဂသမ္မာဒိဋ္ဌိကတော့ဖြစ်တာလဲ မမြင်ဘူး၊ ပျက်တာကော . . . (မမြင်ပါဘုရား)။

ဝဋ်ပြတ်တာပဲ မြင်နေတယ်. . . (မှန်ပါ့ဘုရား) ချာချာလည်နေတဲ့ဝန်ကြီး၊ အင်း - ခုနက ဖြစ်လိုက်ပျက်လိုက်အင်း တော်တော် ကြာလာပြန်ပြီ ဖြစ်လိုက်ပျက်လိုက် တော်တော်ကြာလာပြန်ပြီ ဖြစ်လိုက်ပျက်လိုက် . . . (မှန်ပါ့ဘုရား)။

ဒါချည်း လှည့်ရှုနေရတာပဲ (မှန်ပါ့ဘုရား)၊ အဲဒီ ဝန်ကြီးဟာ ရှုရင်းမတ္တနဲ့ ဦးခင်မောင်ရှာမတွေ့တော့ဘူး. . . (မှန်ပါ့ဘုရား)။

ချာချာလည်နေတဲ့ ဒုက္ခဝန်ကြီးဟာ ဘာတဲ့တုံး. . . (ရှာမ တွေ့တော့ပါဘူးဘုရား)၊ ချာချာလည်နေတဲ့ ဖြစ်ပျက်ဝန်ကြီးဟာ ရှာမတွေ့တော့ဘူး. . . (မှန်ပါ့ဘုရား) ဒါဝိပါကဝဋ်လည်နေတာကို ဗျာ့ . . . (မှန်ပါ့ဘုရား)။

ဖြစ်လိုက်ပျက်လိုက် တစ်ခုပေါ်လိုက် ပျောက်လိုက် တစ်ခု ပေါ်တစ်ခုဖြစ်လိုက် ပျက်လိုက် နောက်တစ်ခု ဖြစ်လိုက် ပျက်လိုက် ဦးဘတင် မလာဘူးလား . . . (လာပါတယ်ဘုရား)။

ဒါတွေဟာ ရုပ်ခမ္မ နာမ်ခမ္မတွေရဲ့ ဖြစ်ပျက်ပဲမဟုတ်လား . . . (ဟုတ်ပါတယ် ဘုရား) ဒါ ဝိပါက ဝဋ်ကြီး လည်နေတာပဲ မဟုတ်ဘူးလား. . . (ဟုတ်ပါတယ် ဘုရား)၊ အဲဒီ ဝိပါက ဝဋ်ကြီး လည်နေတဲ့ဥစ္စာ ရပ်စဲသွားတယ် . . (မှန်ပါ့ဘုရား)၊ ဦးဘအုန်းရေ ဘာရပ်စဲသွားတာလဲ. . . (ဝိပါက ဝဋ်ကြီးရပ်စဲသွားတာပါ ဘုရား)။

ဒါကြောင့် ဖြစ်ပျက်တွေ မမြင်တာ၊ ဖြစ်ပျက်တွေခဏခဏ လည်နေတာက ဝိပါကဝဋ်မဟုတ်ဘူးလား. . . (ဟုတ်ပါတယ် ဘုရား)။ ရှင်းပြီလား (ရှင်းပါပြီဘုရား)။

ဖြစ်ပျက်တွေ ခဏခဏ တွေ့နေတာက (ဝိပါကဝဋ်ကြီး လည်နေတာပါဘုရား) ဝိပါကဝဋ်ကြီး ခဏခဏလည်နေတာတဲ့။ ဂူသမ္မာဒိဋ္ဌိ ပေါ်တော့မယ်ဆိုတော့ ရှာမတွေ့တော့ဘူး . . . (မှန်ပါ့ဘုရား)။

ဝိပါကဝဋ်ကြီးလည်နေတာ ရှာမတွေ့ဘူး၊ ဘူမိလန္ဓ ဝဋ်ပရိစ

ဇမာနာ၊ ဘူမိလဒ္ဓိ-ဉာဏ်၏ တည်ရာကိုရသော ဝဋ္ဋ-ချားရဟတ်ပမာ ချာချာလည်နေတဲ့ ဖြစ်ပျက်ဝိပါက ဝဋ္ဋကြီးကို ပရိစဇမာနာ စွန့်လျက် မဂ္ဂသမ္မာဒိဋ္ဌိသည် ဥပ္ပဇ္ဇတိ-ဖြစ်၏တဲ့ . . . (မှန်ပါ့ဘုရား)။

သံယုတ် အဋ္ဌကထာ ဆရာက. . . (ဟောပါတယ်ဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတို့ အောက်မဂ်သမ္မာဒိဋ္ဌိ ပေါ်လာတယ်ဆိုက တည်းကိုက ဖြစ်ပျက်မတွေ့ရဘူး . . . (မှန်ပါ့ဘုရား)၊ မဂ္ဂသမ္မာဒိဋ္ဌိ ပေါ်လာတဲ့အခါ . . . (ဖြစ်ပျက်ရှာမတွေ့တော့ပါဘုရား)။

ဘာတွေ့ရမတုံး . . . (နိဗ္ဗာန်နဲ့တွေ့ရမှာပါဘုရား)၊ အဲ နိဗ္ဗာန်ဆိုတာ ခင်ဗျားတို့က ဝင်းဝင်းကြီး ပေါ်လာလိမ့်မယ်၊ ဒီလို မအောက်မေ့နဲ့ . . (မှန်ပါ့ဘုရား)၊ ဩော်-ဖြစ်ပျက်တွေ ရှာမတွေ့ တော့ပါလား . . . (မှန်ပါ့ဘုရား)။

ချုပ်ငြိမ်းတဲ့သဘောလေးသာ ကျန်ပါတော့လား . . . (မှန်ပါ့ဘုရား) ချုပ်ငြိမ်းတဲ့သဘောလေးဟာ နိဗ္ဗာန်ပဲ . . . (မှန်ပါ့ ဘုရား) ချုပ်ငြိမ်းတဲ့ သဘောလေး ကျန်တယ်လို့ သိတာမဂ်ဉာဏ်ပဲ . . . (မှန်ပါ့ဘုရား)။

ဦးခင်မောင်နေရာကျပြီလား . . (ကျပါပြီဘုရား) ဦးဖုံရင်တို့ ကော နေရာကျပြီလား . . . (ကျပါပြီဘုရား) ဒါဖြင့် ဒကာဒကာမ တို့ ဝိပဿနာသမ္မာဒိဋ္ဌိနဲ့ မဂ္ဂသမ္မာဒိဋ္ဌိက ခင်ဗျားတို့ သန္တာန်မှာ ပေါ်ရင်ကိုပဲ ရှင်းပါပြီ. . . (ရှင်းပါတယ်ဘုရား)။

ဩော် - ဝိပဿနာ သမ္မာဒိဋ္ဌိကတော့ ဖြစ်ပျက်ချည်းမြင်နေ

တာကို မဂ္ဂသမ္မာဒိဋ္ဌိပေါ်တဲ့အခါကျတော့ ဖြစ်ပျက်ရှာမတွေ့ဘဲနဲ့ နိဗ္ဗာန်ကိုမြင်နေတာကို။. . . (မှန်ပါ့ဘုရား) အမြင်ချင်း အင်မတန် မခြားနားဘူးလား . . . (ခြားနားပါတယ် ဘုရား)။

ရှင်းပြီနော် . . . (ရှင်းပါတယ် ဘုရား) ကောင်းပြီ ဒကာ ဒကာမတို့ မဂ္ဂသမ္မာဒိဋ္ဌိ ခြားနားတဲ့ဉစ္စာ ခင်ဗျားတို့ ရှုတဲ့ယောဂီ ပုဂ္ဂိုလ်မှာတော့ ဒီလိုပေါ်လိမ့်မယ် . . . (မှန်ပါ့ဘုရား)။

ရှုတဲ့ယောဂီပုဂ္ဂိုလ်မှာတဲ့၊ ကဲ ဒါဖြင့် ဒီထက်ခိုင်လုံအောင် ဒီထက် ဒကာဒကာမတွေ မှတ်မိအောင် ဦးဘအုန်းတို့ မိလိန္ဒပဥှာ ထုတ်ကြဦးစို့နော် . . . (မှန်ပါ့ဘုရား)။

မိလိန္ဒပဥှာ ထုတ်လိုက်လို့ရှိရင် ပိုပြီးသကာလ ရှင်းမယ်၊ အခု ဒါ ဝိပဿနာ သမ္မာဒိဋ္ဌိနှင့် မဂ်သမ္မာဒိဋ္ဌိကိုတော့ဖြင့် သံယုတ် အဋ္ဌကထာဆရာ ပြောတာနဲ့ပဲ ခင်ဗျားတို့လဲ တော်တော် သဘော ကျပါပြီ . . . (မှန်ပါ့ဘုရား) သဘောမကျသေးဘူးလား . . . (ကျပါ ပြီဘုရား)။

ဒါလေးတစ်ခေါက် ဆက်ပြောပါဦးမယ်၊ ဝိပဿနာ သမ္မာ ဒိဋ္ဌိက ဘာမြင်တုန်း . . . (ဖြစ်ပျက်မြင်ပါတယ် ဘုရား)၊ အင်း - မဂ္ဂ သမ္မာဒိဋ္ဌိကျတော့ . . . (နိဗ္ဗာန်မြင်ပါတယ် ဘုရား)၊ နိဗ္ဗာန်မြင် တယ်ဆိုတော့ ဩော် - သမ္မာဒိဋ္ဌိချင်းပေမယ့် တယ်ခြားနားပါလား ဆိုတာ ဦးဇီရင် ပေါ်လာတယ် . . . (ပေါ်လာပါတယ်ဘုရား)။

သမ္မာဒိဋ္ဌိကတော့ အင်း-ဝိပဿနာသမ္မာဒိဋ္ဌိ အမှန်အကန်

မြင်ပုံကတစ်မျိုး မဂ္ဂသမ္မာဒိဋ္ဌိ အမှန်အကန်မြင်ပုံကတစ်မျိုး ဘယ်နှစ်မျိုး ထူးခြားပါလား ဆိုတာ ပေါ်လာတယ်. . . (မှန်ပါ့ဘုရား)။

## မိလိန္ဒမင်းကြီး

ဒါနဲ့ မိလိန္ဒမင်းကြီးဆိုတဲ့ ပုဂ္ဂိုလ်ကလဲ ဒကာဒကာမတွေ နှစ်တိုင်းလဲ ပြောနေလို့ ပညာရှိတဲ့ ပုဂ္ဂိုလ်ဆိုတာလဲ ဦးဘအုန်းတို့ သိလောက်ပါပြီနော် . . . (မှန်ပါ့ဘုရား) ရဟန္တာတွေတောင် ပြေးရတယ် သူမေးတာ မဖြေနိုင်လို့။

နောက်ကျတော့ သူလိုဘုန်းကံပါရမီနဲ့လာလို့ ပါရမီဖြည့်ဖက်ဆိုတဲ့ အရှင်နာဂသိန် ပေါ်လာလို့သာလျှင် ရဟန္တာပုဂ္ဂိုလ်တွေ မြို့နားရွာနား ကပ်နိုင်ကြတယ်ဆိုတာ ဦးခင်မောင် သူ့ဇာတ်ထုပ်မှာ ဒီအတိုင်းပေါ့ဗျာ . . . (မှန်ပါ့ဘုရား)။

## ရှင်နာဂသိန်

ကောင်းပြီ ရှင်နာဂသိန်ကဖြေတယ်၊ မိလိန္ဒမင်းကြီးက မေးတယ် "အရှင်ဘုရား နိဗ္ဗာန်မြင်ပုံလေး အမိန့်ရှိစမ်းပါဘုရား နိဗ္ဗာန်မြင်ပုံလေး အရှင်ဘုရားတို့ကတော့ ရဟန္တာဖြစ်နေ အရှင်ဘုရား၊ နာဂသိန်ဆိုတာလဲ ရဟန္တာလို့ဆိုတာလဲ ယုံကြည်ပါတယ် အဲဒီတော့ အရှင်ဘုရား နိဗ္ဗာန်မြင်ပြီးသားဖြစ်ပါတယ်၊ အဲဒီ အရှင်ဘုရား အလုပ်စဉ်နှင့်တကွ မြင်ပုံပြောစမ်းပါ" ဆိုတော့

အလုပ်စဉ်နှင့်တကွ နိဗ္ဗာန်မြင်ပုံဆိုတော့ ကျုပ်တို့ အတု ယူရတော့မယ်။ မယူရပေဘူးလား. . . (ယူရပါတယ်ဘုရား)။

အလုပ်စဉ်နှင့်တကွ နိဗ္ဗာန်မြင်ပုံကို တပည့်တော်အား အမိန့် ရှိပါဆိုတော့ နို့မို့လို့ရှိရင်ဖြင့် ဒီလိုမှ မဖြေလို့ရှိရင်ဖြင့် အလုပ်စဉ်နှင့် နိဗ္ဗာန်မြင်ပုံ မဖြေရင် နိဗ္ဗာန်မရှိဘူးလို့ ငြင်းမှာ . . . (မှန်ပါ့ဘုရား) သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

## နိဗ္ဗာန်

ဒါကြောင့် ဒကာဒကာမတွေ သူနဲ့ဆိုင်လာလို့ သမ္မာဒိဋ္ဌိငါးမျိုးနဲ့ ဆိုင်လာလို့ ဦးဘတင် သွင်းပြီနော်၊ မဆိုင်ကော မဆိုင်ဘူးလား . . . (ဆိုင်ပါတယ်ဘုရား)။

ဝိပဿနာသမ္မာဒိဋ္ဌိနှင့် မဂ္ဂသမ္မာဒိဋ္ဌိ ရောက်လာပြီး ကျုပ်တို့ ကော လာတာ . . . (မှန်ပါ့ဘုရား) ကိုင်း ဒါဖြင့် အရှင်ဘုရား နိဗ္ဗာန် မရှိဘူးလား ရှိသလား ရှိတယ် ဒကာဒကာမတို့ မိလိန္ဒမင်းကြီးက မေးလို့ရှိတယ်လို့ဖြေလိုက်တယ် . . . (မှန်ပါ့ဘုရား)။

ရှိတယ်လို့ဖြေတော့ "ပစ္စုပ္ပန်လား အတိတ်လား၊ အနာဂတ်လား" သူမေးပြန်တယ်၊ ရှေ့ပိုင်းထားပါတော့ "ဒကာကြီး ပစ္စုပ္ပန်လဲမဟုတ် အတိတ်လဲမဟုတ် အနာဂတ်လဲ မဟုတ်ဘူး နိဗ္ဗာန်ဆိုတာမျိုး ဟာ" နို့ဒါဖြင့် ပစ္စုပ္ပန်, အတိတ်, အနာဂတ် ကာလသုံးပါးမှ မရှိလို့ ရှိရင် အရှင်ဘုရား နိဗ္ဗာန်ဟာ မရှိဘူးပေါ့" သူက လူကပ်ကိုဗျာ့ . . . (မှန်ပါ့ဘုရား)။

## ကာလသုံးပါးမှလွတ်တယ်

နိဗ္ဗာန်မရှိဘူးပေါ့ ဆိုတော့ အို-ဒကာကြီး ပစ္စုပ္ပန်ကာလ နိဗ္ဗာန်နေရင်လဲ လူတိုင်းနိဗ္ဗာန်တွေ့မှာပေါ့၊ အတိတ်နိဗ္ဗာန်ရှိနေလို့ရှိရင် အတိတ်က လူတွေဆုံကြတယ်၊ အနာဂတ်က လူတွေနိဗ္ဗာန်နဲ့ဆုံရတော့မှာ မဟုတ်ဘူး၊ အနာဂတ်နိဗ္ဗာန် ရှိတယ်ဆိုလို့ရှိရင်လဲ အခု ပစ္စုပ္ပန်လူတွေ သေရင် သေရုံပဲနိဗ္ဗာန်ရောက်မှာ မဟုတ်ဘူးလား . . . (မှန်ပါ့ဘုရား)။

"အဲဒီလိုကျနေတော့ ဒကာကြီး နိဗ္ဗာန်ဆိုတာ ကာလသုံးပါးမှ လွတ်နေတဲ့ ကာလဝိမုတ် နိဗ္ဗာန်ဆိုတာ အို-ကာလဝိမုတ်ဆို နိဗ္ဗာန် မရှိဘူး ကိုယ်တော်" သူက ဒီလို ယူပစ်လိုက်တာ . . . (မှန်ပါ့ဘုရား)။

သဘောကျရဲ့လား . . . (ကျပါတယ် ဘုရား) အဲဒီတော့ "ဒကာကြီး ကျုပ် ဥပမာပြောမယ် ခင်ဗျား သတိထားပြီး နားထောင်ပါတဲ့၊ နိဗ္ဗာန်ဆိုတာဟာ သေသေချာချာ ရှိပါတယ်" ဆိုတော့။

## ဝါးနှစ်လုံးဥပမာ

သူလောကီဥပမာဖြင့် ဒကာဒကာမတို့ ရှေးကတော့ မီးခြစ်မရှိတော့ ဝါးနှစ်လုံးကို ပွတ်ကြရတယ်၊ မီးထွက်အောင် မပွတ်ကြရဘူးလား၊ ပွတ်တဲ့အခါကျတော့ ဒီမီးဟာ အလျင်က ရှိနှင့်သလား အခုပဲရှိတာလား အနာဂတ်ကလာတာလား မေးလို့ရှိရင်ဖြင့် ဒကာဒကာမတို့ နဂိုကလဲ ဒီဝါးဟာ ဝါးပဲဝါးဟာ ဝါးပဲ မီးမပါဘူး

(မပါဘူးဘုရား)။

တောက်တတ်တဲ့ မီးမပါဘူးပေါ့ဗျာ၊ ကောင်းပြီ ဒါဖြင့် ဒီဝါး သည်ကားလို့ဆိုလို့ရှိရင် နှစ်လုံးပွတ်လိုက်တဲ့အခါကျလို့ရှိရင်ဖြင့် ကြာကြာသာပွတ် ပူပြီး သကာလ မီးမဖြစ်ပေဘူးလား . . (မှန်ပါ့)။

ဒါဖြင့် ဒါ ပစ္စုပ္ပန် အတိတ်က ရှိတာလား၊ အခုရှိတာလား အနာဂတ်ကာလကလာတာလား မေးလို့ရှိရင် နဂိုဝါးထဲမှာ ဘယ်တုံးကမှ မရှိဘူး ရှိကြရဲ့လား . . . (မရှိပါဘုရား)။

ဘယ်တုံးက မရှိတာ ဘယ့်နှယ်ကြောင့်တုံး ဆိုလို့ရှိရင် အို လုံ့လပယောဂ အားထုတ်တဲ့ ပုဂ္ဂိုလ်ကြောင့် ပေါ်လာတာ ဦးခင်မောင် ဘယ်လိုကြောင့်တုံး . . . (လုံ့လ ပယောဂကြောင့် ပေါ်လာတာပါဘုရား)။

## ဝိပဿနာရှုမှနိဗ္ဗာန်ပေါ်တယ်

အဲဒီမှာလဲ ခင်ဗျားတို့ ဝိပဿနာရှု နိဗ္ဗာန်ပေါ်လာတယ် . . . (မှန်ပါ့ဘုရား) ပစ္စုပ္ပန် အတိတ် အနာဂတ် ကာလသုံးပါး ထဲတော့ မရှိဘူး . . . (မှန်ပါ့ဘုရား) အားထုတ်ရင်တော့ ပေါ်လာ ပါလိမ့်မယ်၊ အားမထုတ်ရင်တော့ဖြင့် (မပေါ်ပါဘူးဘုရား)။

ဒါဖြင့် ခင်ဗျားတို့က ဘုရားရှေ့သွားပြီး ရေလှူ - မီးလှူနဲ့ နိဗ္ဗာန်ပေးတော်မူပါနဲ့တော့ ဝေးပါသေးရဲ့ (မှန်ပါ့ဘုရား) ရနိုင်ပါ့ မလား . . . (မရနိုင်ပါဘုရား)။

ဝါးဟာ ဒီအတိုင်း မီးထွက်သလား ဦးဘအုန်း ပွတ်ရသေး သလား (ပွတ်ရပါတယ် ဘုရား) ဒါ သာမည ပွတ်ပြီး ချထားလို့ ကော ထွက်ပါ့မလား . . . (မထွက်ပါဘုရား) အင်း - သူ့မီးထွက် လောက်တဲ့ အခြေအနေရောက်အောင် ပွတ်မှပဲ ထွက်မှာပဲ. . . (မှန်ပါ့) သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

ဒီမှာလဲ နိဗ္ဗာန်ပေါ် ပေါက်လာအောင် အားထုတ်ရလိမ့်မယ် . . . (မှန်ပါ့ဘုရား) နိဗ္ဗာန် ပေါ်ပေါက်လာအောင်သာ ဖြစ်ပျက် အားထုတ် ဖြစ်ပျက်ချုပ်ပြီး နိဗ္ဗာန်ပေါ် မှာပဲ. . . (ပေါ် မှာပါဘုရား) ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

ဖြစ်ပျက်ချုပ်ပြီ နိဗ္ဗာန်ပေါ် လာလိမ့်မယ်ဆိုတာ သေချာပြီ လား. . . (သေချာပါပြီဘုရား) ကောင်းပြီ ဒါဖြင့် နိဗ္ဗာန် ပေါ်အောင် အားထုတ်နိဗ္ဗာန်ပေါ် လာမှာပဲ . . . (မှန်ပါ့ဘုရား)။

ကာလသုံးပါးမှာတော့ဖြင့် မရှိဘူး ပေါ်လောက်အောင် အားထုတ်တဲ့ ပုဂ္ဂိုလ်ရမယ်. . . (မှန်ပါ့ဘုရား) ဒါပါရမီတွေ ဘာတွေ လိုမနေနဲ့ . . . (မှန်ပါ့ဘုရား) သဘောကျပလား ဦးဘအုန်း . . . (သဘောကျပါတယ် ဘုရား)။

ပါရမီ လိုသေးလား (မလိုပါဘုရား) မလိုပါဘူး၊ ပါရမီက ဘုန်းကြီးက အကုန်ပြီးပြီလို့ ပြောထားပြီပဲ . . . (မှန်ပါ့ ဘုရား)၊ ဒီ ဒကာဒကာမတွေ အကုန်ပြည့်နေပြီလို့ ပြောထားတယ်၊ အင်္ဂုတ္တိုရ်မှာ လာတဲ့ ပါရမီနဲ့နိုင်းချိန်ကြည့် ဧကန်ပြည့်နေတာ . . . (မှန်ပါ့ဘုရား)။

## အားထုတ်တဲ့ပုဂ္ဂိုလ်မှာနိဗ္ဗာန်ရှိတယ်

အဲဒီတော့ကိုလဲ အားထုတ်တဲ့ ပုဂ္ဂိုလ်မှာရှိတယ်. . . (မှန်ပါ့ ဘုရား) ဒါဖြင့်ဘုရား ဝါးနှစ်လုံးပွတ်တာ နဂိုကလဲရှိတာ မဟုတ် ဘူး၊ အခုပွတ်တဲ့ ခဏလေး ပွတ်ဆဲမှာပဲ သူရှိတာမဟုတ်ဘူး . . . (မှန်ပါ့ဘုရား) ရှိရဲ့လား . . . (မရှိပါဘုရား)။

ကာလသုံးပါးမှ လွတ်ပြီး အားထုတ်တဲ့ ပုဂ္ဂိုလ်လုံ့လ ပယောဂကြောင့် ထွက်တဲ့မီးပေါ့ဗျာ . . . (မှန်ပါ့ဘုရား) ဒါတွင် မကသေးပါဘူး ဒကာကြီး စကြမင်းဆိုတာ ရှိပါသေးတယ်၊ စကြမင်းသည်ကား ဆိုလို့ရှိယင်ဖြင့် စကြရတနာကြီး ကောင်းကင် ပျံနိုင်တဲ့ စကြရတနာကြီး အလိုလိုပေါ်မလာဘူးလား . . . (ပေါ် လာပါတယ်ဘုရား)။

## စကြရတနာ

စကြမင်းတို့၏ ထုံးစံအတိုင်း အဝတ်ဖြူဝတ်ပြီး ငါးပါးသီလ ယူပြီးသကာလ ဧမတ္တာကရုဏာ မုဒိတာ ဥပေက္ခာဆိုတဲ့ ဗြဟ္မာ ဝိဟာရတရား ပွားများမှ စကြရတနာကြီးက ကောင်းကင်က ပေါ် လာတာ. . . (မှန်ပါ့ဘုရား)။

နဂိုက ပေါ်လာတာ . . . (မဟုတ်ပါဘုရား) စကြအလုပ် လုပ်လိုက်တာနဲ့ (စကြရတနာကြီး ပေါ်လာတာပါ ဘုရား)၊ စကြ ရကြောင်း အလုပ်လုပ်တာနဲ့ (စကြရတနာလာတာပါဘုရား)။

ဒီမှာလဲ ခင်ဗျားတို့ နိဗ္ဗာန်ရကြောင်း အလုပ်သာလုပ်ရလိမ့်မယ်. . . (မှန်ပါ့ဘုရား) ဩော် - နေလို့တော့ဖြင့် . . . (မရနိုင်ပါဘုရား) မရဘူးလို့ ဆိုတာ သေချာပလား . . . (သေချာပါပြီ ဘုရား)။

ဩော် - ခင်ဗျားတို့ ဘေးက လူကတော့ ပြုံးလိမ့်မယ်. . . (မှန်ပါ့ဘုရား) ပြုံးစရာကြီးများကော အင်မတန် ကောင်းတယ်ဆိုတာကော ခင်ဗျားတို့ ရှက်စရာမကောင်းဘူးလား . . (ကောင်းပါတယ်ဘုရား)။

ဘေးကလူကလဲ ပြုံးပြသွား ခင်ဗျားတို့ကလဲ (ရှက်စရာကောင်းပါတယ်ဘုရား)၊ မသိခင်တုန်းကဖြင့် အော် တာတော့ဖြင့် မသိလို့ အော်နေတာကို ကိစ္စမရှိဘူး. . . (မှန်ပါ့ဘုရား) ဟုတ်လား . . . (ဟုတ်ပါတယ် ဘုရား)။

အခု အချိန်မှာ မသိအော် အော်လို့လဲ မဖြစ်တော့ဘူးဒို့အော်တာ အလွဲပဲ . . . (မှန်ပါ့ဘုရား) အားထုတ်ဖို့ပဲသဘောကျပလား . . . (ကျပါပြီဘုရား) ကဲ-ဒါဖြင့် နိဗ္ဗာန်ရှိမရှိ ဘယ်လိုဆုံးဖြတ်ချက်ချမလဲ . . . (ရှိပါတယ်ဘုရား)။

ရှိတယ်တဲ့ "ဒါဖြင့် ဘုရား ရှိပုံလေး အရှင်ဘုရား နိဗ္ဗာန်အားထုတ်တဲ့ ပုဂ္ဂိုလ်အတွက် အားထုတ်စဉ်ပဲ ပြောပါတော့ ဘုရား၊ နိဗ္ဗာန်ရောက်အောင်အားထုတ်ရင် နိဗ္ဗာန်ရောက်ပါတယ် ရပါတယ်ဆိုတော့ အားထုတ်စဉ်လေး ပြောပါတော့ . . . (မှန်ပါ့ဘုရား)။

**အားထုတ်ပုံအလုပ်စဉ်**

ဒီမှာ အားထုတ်စဉ် ရောက်လာတယ်. . . (မှန်ပါ့ဘုရား)။ ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား) ဒကာကြီးတဲ့ **တသတ်း စိတ္တံ အပ္ပရာပရံ မနသိ ကရောတော။**

ရှေ့က ဝိပဿနာ အတော်ကြိုးစားလိုက်စမ်းပါတဲ့ . . . (မှန်ပါ့) ရှေ့ကဘာနဲ့ ကြိုးစားရမယ်. . . (ဝိပါဿနာသမ္မာဒိဋ္ဌိနဲ့ပါဘုရား) ဝိပဿနာ သမ္မာဒိဋ္ဌိချည်း ဒကာဒကာမတွေ ကြိုးစားနေ ကြိုးစားနေတော့ အင်း ဖြစ်ပျက် ဖြစ်ပျက်နဲ့ ဝိပဿနာမဂ်နဲ့က ကိုက် ကိုက်ပြီး သွားတာပဲ၊ မသွားပေဘူးလား . . . (သွားပါတယ်ဘုရား)။

အင်း သွားရင်းမတ္တနဲ့ပဲ ဒကာဒကာမတို့တဲ့ ဝိပဿနာသမ္မာဒိဋ္ဌိရှုရင်းရှုရင်းနဲ့ ကျုပ်တို့ဖြစ်ပျက်တွေဟာဖြင့် မြင်နေသေးတာပဲ . . . (မှန်ပါ့)။

မြင်ရာကနေပြီး သကာလ တော်တော်ကြာလို့ရှိရင် ရှုညာဏ်လေးဟာ မမြင်တဲ့ဘက် ကူးသွားတယ် ဖြစ်ပျက်မရှိတဲ့ဘက် ကူးသွားတယ်. . (မှန်ပါ့)။

ပထမ ဖြစ်ပျက်ဘက်လှည့်နေတယ်၊ ရှုရင်းရှုရင်းနဲ့ ဘာဖြစ်သွားတုံး . . (ဖြစ်ပျက်မရှိတဲ့ဘက် လှည့်သွားပါတယ်ဘုရား) ဖြစ်ပျက်မရှိတဲ့ဘက် လှည့်သွားတယ်၊ **တသ တံ စိတ္တံ အပရာ ပရံ မနသိကရောတော ဥပ္ပါဒံ အတိက္ကမိတွာ** ဖြစ်ပျက်တွေ လွန်သွားတယ်. . . (မှန်ပါ့)။

အနုပ္ပါဒ် ဩဂ္ဂမတိဖြစ်ပျက် မရှိတဲ့ဘက် လှည့်သွားတယ် . . . (မှန်ပါ) ဦးဘအုန်း ဘာတဲ့တုန်း . . . (ဖြစ်ပျက်မရှိတဲ့ဘက် လှည့်သွားပါတယ် ဘုရား)။

အင်း - နဂိုဝိပဿနာဉာဏ်တုံးကတော့ ဖြစ်ပျက်ဘက်ကို လှည့်နေပါတယ် (မှန်ပါ) ခင်ဗျားတို့ ရှုတဲ့ဉာဏ်လေးကလေ (ဖြစ်ပျက်ဘက်လှည့်နေပါတယ်ဘုရား) အင်း - နောက်ကျတော့ ဒီဉာဏ်လေးက ဘယ်လှည့်သွား. . . (ဖြစ်ပျက်မရှိတဲ့ဘက် လှည့်သွားပါတယ်ဘုရား)။

ဖြစ်ပျက်မရှိတဲ့ဘက် လှည့်သွားတယ်ဆိုတော့ ဒီဉာဏ်လေး ရင့်လာတာကိုး. . . (မှန်ပါ )၊ ဝိပဿနာဉာဏ် ရင့်လာတာ. . . (မှန်ပါ)၊ ဘယ်လိုဆိုကြမတုံး. . . (ဝိပဿနာဉာဏ် ရင့်လာပါတယ် ဘုရား)။

## နိဗ္ဗာန်မြင်ပုံ

နဂိုကဖြစ်ပျက်ကလေး ရှုနေတာ ဘာဉာဏ်တုံး . . . (ဝိပဿာနာဉာဏ်ပါဘုရား)၊ ဝိပဿနာ သမ္မာဒိဋ္ဌိဆိုတာ မသေချာ ဘူးလား . . . (သေချာပါတယ်ဘုရား)။

သူရင့်လာတော့ ဘယ်လိုများဖြစ်ပါတုံးဆိုတော့ ဖြစ်ပျက် မရှိဘက် လှည့်သွား. . . (မှန်ပါ )၊ သဘောကျပလား. . . (ကျပါ တယ်ဘုရား)၊ သူရင့်လာတော့ ဘယ်ဘက်လှည့်တုံး၊ (ဖြစ်ပျက်မရှိတဲ့

ဘက် လှည့်ပါတယ်ဘုရား)၊ ဖြစ်ပျက်မရှိတဲ့ဘက် လှည့်သွားတော့။

တေသံ- ထိုဖြစ်ပျက် နှစ်ပါးတို့၏၊ ဝူပသမော-မရှိခြင်းသည်၊ သုခေါ-နိဗ္ဗာန်ပဲပေါ့. . . (မှန်ပါဘုရား)၊ ဖြစ်ပျက်နှစ်ခုမရှိတာ ဦးခင်မောင် ဘာခေါ်မယ်တဲ့. . . (နိဗ္ဗာန် ဘက်လှည့်သွားပါတယ် ဘုရား)။

အင်း-ပထမကတော့၊ ဝိပဿနာတုံးက ဘယ်ဘက်လှည့် . . . (ဖြစ်ပျက်ဘက် လှည့်ပါတယ်ဘုရား)။ ဖြစ်ပျက်ဘက်လှည့်နေတယ်နော်. . . (မှန်ပါ့ဘုရား)၊ နောက်တော့ ရှုမှတ်များများလာတော့ဖြစ်ပျက်ရှိတဲ့ ဘက်သူမလှည့်တော့ဘူး. . . (မှန်ပါ့)၊ (ဘယ်ဘက်ကူးပြောင်းသွားတုံး)၊ ဖြစ်ပျက်မရှိတဲ့ဘက် ကူးပြောင်းပါတယ် ဘုရား)။

ဖြစ်ပျက် မရှိတဲ့ဘက် လှည့်သွားတယ်နော်. . . (မှန်ပါ့ဘုရား)၊ သေချာပလား. . . (သေချာပါတယ်ဘုရား)၊ ဘယ်ဘက်ကူးပြောင်းသွားပါလိမ့်. . . (ဖြစ်ပျက်မရှိတဲ့ဘက် ကူးပြောင်းသွားပါတယ်ဘုရား)။

အဲဒါ ဒကာကြီးတဲ့ ဖြစ်ပျက်မရှိတဲ့ဘက် ကူးပြောင်းသွားတာ၊ ဒကာကြီး ဒါနိဗ္ဗာန်ပဲ၊ မျက်မှောက်ပြုတယ်ဆိုတာ အဲဒါပဲလို့ သေချာဖြေလိုက်တယ်၊ ဦးခင်မောင်ကျေနပ်ပလား. . . (မှန်ပါ့ဘုရား)။

အင်း- ရှုရင်းမတ္တနဲ့မရှိပါလား- မရှိပါလားလို့ကောမသိ

ဘူးလား. . (သိပါတယ်ဘုရား)၊ ဩော်-ဒုက္ခတွေ မရှိတော့ပါလား လို့ကော မသိဘူးလား. . (သိပါတယ်ဘုရား)။

## ဖြစ်ပျက်မရှိတာ နိဗ္ဗာန်

အင်းဒီ ဒုက္ခမရှိတာ နိဗ္ဗာန်ပဲ. . . (မှန်ပါ့)၊ ဒုက္ခမရှိတာ ဘာခေါ်ကြမယ်. . . (နိဗ္ဗာန်ခေါ်ပါတယ်ဘုရား)၊ ဒါဖြင့်နိဗ္ဗာန် ဆိုတာ မြို့ကြီးလား ပြကြီးလားဖြစ်ပျက် မရှိတာဘဲလား . . . (ဖြစ်ပျက်မရှိတာပါ ဘုရား)။ ဖြစ်ပျက် မရှိတာ နိဗ္ဗာန်ပဲဆိုတာ ဒကာ ဒကာမတွေ ကောင်းကောင်း သေချာပလား. . . (သေချာပါပြီဘုရား)၊ ဖြစ်ပျက်မရှိတာနိဗ္ဗာန်၊ မဖြစ်ပျက်တဲ့ဘက်ကို ရောက်ပါပေါ့ လားလို့သိတာက. . . (မဂ်ဉာဏ်ပါဘုရား)၊ မဂ်ဉာဏ်ပဲ၊ ဖြစ်ပျက်မရှိတာ. . (နိဗ္ဗာန်ပါဘုရား)၊ သိတဲ့ဉာဏ်က. . . (မဂ်ဉာဏ်ပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဩော်-ဝိပဿနာဉာဏ်ရင့်လာတာကို ခေါ်တာကိုး. . . (မှန်ပါ့ဘုရား)၊ ဦးခင်မောင် ဘယ်လိုမှတ်မတုံး . . . (ဝိပဿနာဉာဏ် ရင့်လာ၊ မဂ်ဉာဏ်ရင့်လာတာပါဘုရား)၊ ဝိပဿနာဉာဏ်ရင့် လာတာဘာခေါ်ကြမယ် . . . (မဂ်ဉာဏ်ပါဘုရား)။

## ဉာဏ်စဉ်တက် နေဖို့မလို

ဩြဘ်- ဒါဖြင့် ခင်ဗျားတို့က ဉာဏ်စဉ် တက်နေဖို့မလို . . . (မှန်ပါ)၊ ဝိပဿနာဉာဏ် သူ့ဟာသူရင့်အောင်သာ ပွားများနေ ဖို့ပဲ . . . (မှန်ပါ)၊ ငါဘယ်ဉာဏ်ရောက်ပြီဆိုတဲ့ လေ့ကားထစ် မှတ်ပြီးနေလို့တော့မဖြစ်ဘူး. . . (မှန်ပါ)၊ သဘောကျပလား (ကျပါပြီဘုရား)။

လေ့ကားထစ်မှတ်ပြီး တက်နေလို့တော့ မဖြစ်ဘူးဆိုတာ သေချာပလား. . . (သေချာပါပြီဘုရား)၊ အင်း-လှေကားထစ်မှတ် နေလို့ရှိရင်ဖြင့် ဒကာဒကာမတို့၊ ခုနစ်ထစ်ရောက်ပြီ၊ ဆယ်ခြောက် ထစ်ရောက်ပြီ. . . ဘယ်ဒီလို သိနိုင်မတုံး၊ ဒါက ရှင်သာရိပုတ္တရာ က သူ့ဉာဏ်နဲ့ ရေးထားတာ ပဋိသမ္ဘိဒါ မဂ်ကလာတာ. . . (မှန်ပါ)၊

## ဉာဏ်ရင့်အောင်သာပွားများပါ

စင်စစ်တော့ဖြင့် ဒကာဒကာမတို့ ဒီလိုတော့မဟုတ်တော့ ဘူးတဲ့၊ ဝိပဿနာဉာဏ် ရင့်သန်တာနဲ့၊ ဖြတ်ဆို မဂ်ဉာဏ်ဘက် ကူးတာပဲလို့ ရှင်နာဂသိန်ကတော့ ဟောထားတယ်. . . (မှတ်ပါ)။

ဝိပဿနာဉာဏ်ရင့်သန်တာနဲ့. . . (မဂ်ဉာဏ်ဘက် ကူး ပါတယ်ဘုရား)၊ မဂ်ဉာဏ်ဘက် ကူးသွားတော့လဲ အာရုံလဲထူးသွား တယ်. . . (မှန်ပါ)၊ ဝိပဿနာဉာဏ်က ဖြစ်ပျက်အာရုံပြုတယ် . . . (မှန်ပါဘုရား)။

မဂ်ဉာဏ်က ဖြစ်ပျက်မရှိတဲ့ဘက်ကို. . . (အာရုံပြုပါတယ် ဘုရား)၊ အာရုံပြုတယ်ဆိုတော့ မသေချာဘူးလား. . . (သေချာပါ တယ်ဘုရား)၊ ဒါဖြင့် ဒကာဒကာမတို့၊ ဝိပဿနာဉာဏ် ၁-နံပါတ် လုံလောက်လို့ရှိရင်ဖြင့် မဂ်ဉာဏ် ၂- နံပါတ် လုံလောက်ဖို့ ခင်ဗျား တို့ကဘာမှ အားစိုက်စရာမလိုဘူး. . . (မှန်ပါ့)၊ ဝိပဿနာဉာဏ် သာလျှင် ရင့်သန်ဖို့ သိပ်အရေးကြီးတယ်ဆိုတာ ပေါ်ကြပလား . . . (မှန်ပါ့ )။

ဒါဖြင့် မိလိန္ဒမင်းကြီး ရှင်နာဂသိန် ဖြေတာဖြင့် ဖြစ်ပျက်ရှု ရင်း မတ္တနှင့် ဖြစ်ပျက်မရှိတဲ့ဘက် ကူးပဲသွားတယ်၊ အဲ- အဲဒါ နိဗ္ဗာန်ဘက် ကူးတာပဲလို့ ပြောလိုက်ပါတယ်. . . (မှန်ပါ့)၊ ဒါ မဂ်ဉာဏ်ပေါ်တာပဲလို့ဆိုလို့ရှိရင် မသေချာဘူးလား . . . (သေချာ ပါတယ်ဘုရား)၊ ရှင်းပြီနော်. . . (ရှင်းပါတယ်ဘုရား)၊ ကဲ-နက်ဖြန် မှ ဖိုလ်ဉာဏ်ပြောကြစို့။

သာဓု. . . သာဓု. . . သာဓု။

စာမူခွင့်ပြုချက်အမှတ် (၂၄/၉၇) (၅)

| | |
|---|---|
| **ထုတ်ဝေသူ** | ဦးအောင်ချို၊ (မြ-၀၈၃၁)<br>မိုးကုတ်ဝိပဿနာတရားစဉ်နှင့်<br>လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။<br>အမှတ်-၈၂၊ နတ်မောက်လမ်း၊<br>ရန်ကုန်မြို့။ |
| **အတွင်းစာသားနှင့်**<br>**အဖုံးပုံနှိပ်ခြင်း** | ဦးဝင်းအောင် (မြ-၀၅၁၃၁)<br>သန်းထိုက်ရတနာပုံနှိပ်တိုက်၊<br>အမှတ် ၈၄၊ လမ်း (၅၀)၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့<br>က တာဝန်ခံ ပုံနှိပ်သည်။ |